**Golden Land East Asia Development Public Company Limited**

**ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

# (၁၆) ကြိမ်မြောက်

# နှစ်ပတ်လည်အထွေထွေအစည်းအဝေး

**ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ နှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း**

ရက်စွဲ။ ။၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ( ၁၆ ) ရက်

# ရှမ်းနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

# ၏

# (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့တင်ပြသည့်

# ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း

ရက်စွဲ ။ ။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဥက္ကဋ္ဌအစီရင်ခံစာ | ၁ |
| ၂။ | ကုမ္ပဏီစတင်ဖွဲ့စည်းတည်ထောင်ခြင်း | ၃ |
| ၃။ | ကုမ္ပဏီစတင်တည်ထောင်သူ ဒါရိုက်တာများ | ၃ |
| ၄။ | ကုမ္ပဏီမတည်ရင်းနှီးငွေနှင့် အများပြည်သူ ရှယ်ယာထည့်ဝင်မြှုပ်နှံထားမှု | ၄ |
| ၅။ | ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှုများ | ၄ |
| ၆။ | ဒါရိုက်တာများမှ ကုမ္ပဏီလုပ်ငန်းများဦးဆောင် စီမံခန့်ခွဲခဲ့မှုများ | ၆ |
| ၇။ | ဆက်လက်ဆောင်ရွက်လျှက်ရှိသည့် လုပ်ငန်းများ | ၇ |
| ၈။ | ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပါဝင်မှုအခြေအနေ (၂၀၂၂ခုနှစ်၊ မတ်လ (၃၁) ရက်အထိ) | ၈ |
| ၉။ | ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခန့်ထားခြင်း | ၈ |
| ၁၀။ | နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပခြင်း | ၉ |
| ၁၁။ | ဒါရိုက်တာအဖွဲ့အစည်းအဝေးကျင်းပမှုအခြေအနေ | ၉ |
| ၁၂။ | ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်ခန့်ထားခြင်း | ၉ |
| ၁၃။ | ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း | ၁၀ |
| ၁၄။ | အမြတ်ဝေစုခွဲဝေပေးခြင်း | ၁၀ |
| ၁၅။ | ကုမ္ပဏီပိုင်ရုံးခန်းတည်နေရာ | ၁၀ |
| ၁၆။ | နိဂုံး | ၁၁ |



## ဥက္ကဋ္ဌ၏ အစီရင်ခံစာ
## "လေးစားအပ်ပါသောအစုရှယ်ယာရှင်များ"

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်(GLAD)၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်နေ့မှာ Covid–19 ပျံ့နှံ့မှုအား တားဆီးကာကွယ်နိုင်ရန် ယခုကဲ့သို့ Online Webinar စနစ်ဖြင့် ကျင်းပရခြင်းဖြစ်ပါတယ်ခင်ဗျား။

မိမိတို့ GLADအများပိုင် ကုမ္ပဏီသည် ၂၀၀၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ရာ ယခုနှစ်ဆိုရင် ၁၆ နှစ် သက်တမ်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဤကုမ္ပဏီစတင်တည်ထောင်ခဲ့ပြီး အစုရှယ်ယာများဖိတ်ခေါ်၍ အများပြည်သူသို့ ရှယ်ယာများရောင်းချပေးခဲ့ပြီး စီးပွားရေးလုပ်ငန်းများကို ဒါရိုက်တာများအနေဖြင့် ကြိုးစားဆောင်ရွက်ခဲ့ရာ ယခု အခါအစုရှယ်ယာရှင်ပေါင်း (၆၃၇)ဦးပါဝင်တဲ့ အများပိုင် ကုမ္ပဏီတစ်ခုအဖြစ် အောင်မြင်စွာ ရပ်တည်နေပါတယ်။

မိမိတို့ကုမ္ပဏီအနေဖြင့် ရေတို/ရေရှည်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ဆောက်လုပ်ရေးကန်ထရိုက် လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ကျွမ်းကျင်သူများနှင့် ပေါင်းစပ်၍ အကျိုးတူလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြပါသည်။

ရေတိုအကျိုးအမြတ်ရရှိစေရန်အတွက် Myanmar Agro Exchange Public Company Limited (MAEX) ၏ တည်ငြိမ်ကုန်းလက်ကားဈေးစီမံကိန်းကြီးတွင် Shop House အဆောက်အဦး ဆောက်လုပ်ခြင်း လုပ်ငန်းမှ ကန်ထရိုက်ရယူ၍ ဆောက်လုပ်ခြင်း၊ ဆန်စပါးရောင်းဝယ်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းဖြင့်လည်းကောင်း၊ MNTH ကုမ္ပဏီ လုပ်ငန်းများတွင် တယ်လီဖုန်းမိုက်ခရိုဝေ့(ဖ်)တာဝါတိုင်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ကန်ထရိုက်ရယူ၍လည်းကောင်း၊ မိမိတို့ ဒါရိုက်တာအဖွဲ့ဝင်များ ကိုယ်တိုင်ကြိုးကြပ်၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသဖြင့် အကျိုးအမြတ်များလည်း ရရှိခဲ့ပါသည်။

ရေရှည်ရင်းနှီးမြှုပ်နှံမှုအဖြစ် –

- ၂၀၁၃ ခုနှစ်မှစတင်၍ မိမိဦးဆောင်ဖွဲ့စည်း တည်ထောင်ခဲ့သော Myanmar Thilawa SEZ Holdings Public Company Limited (MTSH)တွင် ကနဦးရင်းနှီးမြှုပ်နှံ ပါဝင်သည့် အဖွဲ့ဝင် ကုမ္ပဏီ (၉)ခုတွင် အဖွဲ့ဝင် ကုမ္ပဏီတစ်ခုအဖြစ် ငွေကျပ်သန်း ၁၉၅၀ ထည့်ဝင်ရင်းနှီးမြှုပ်နှံထားခြင်း၊
- ၂၀၁၆ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော "Myanmar Agro Exchange Public Company Limited(MAEX)"တွင် ကနဦးပါဝင် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီတစ်ခုအဖြစ် ကျပ်သန်း ၂၀၀၀ ထည့်ဝင် ရင်းနှီး မြှုပ်နှံထားခြင်း၊

- Myanmar National Telecom Holding Public Company Ltd(MNTH)တွင် အခြားအများပိုင်ကုမ္ပဏီ (၁၀)ခုနှင့်အတူ ကျပ် သန်း ၂၀၇၆.၀၅ သန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံထားခြင်းတို့ဖြစ်ပါသည်။
- MTSH နှင့် MAEX ကုမ္ပဏီတို့မှ ရင်းနှီးမြှုပ်နှံထားခြင်းများအတွက် အမြတ်ဝေစုများရရှိလျှက်ရှိပါသည်။

ကုမ္ပဏီ၏ ရင်းနှီးငွေတန်ဖိုးမှာ ကျပ် ၅၅,၃၄၂.၃၀ သိန်းဖြစ်ပါသည်။ Covid –19 ကပ်ရောဂါနှင့် ထူးခြားဖြစ်စဉ်များကြောင့် စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းမှုများကြောင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လဘဏ္ဍာနှစ်အတွက် အသားတင်အမြတ် ကျပ် ၂၂၀၄.၃၉၃၆၅ သိန်းရရှိခဲ့ရာ ၃၁.၃.၂၀၂၂ နေ့ရှိ စုဆောင်းပြီး အမြတ်လက်ကျန်ငွေ ကျပ် ၁၆၇၂၁.၆၄၂၈၂ သိန်းဖြစ်ပါသည်။

ယခုကာလသည် Covid 19 ကမ္ဘာ့ကပ်ရောဂါ ရင်ဆိုင်နေရသည့်အချိန်နှင့် အခြားသော အကြောင်းချင်းရာများကြောင့် မိမိတို့ ရင်းနှီးမြှုပ်နှံဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းအချို့မှာ မျှော်မှန်းထားသလောက် တိုးတက်မှုမရှိဘဲ လုပ်ငန်းအချို့ တုံ့ဆိုင်းနေခြင်းနှင့် ရရှိထားသော အမြတ်ငွေများအား နောင်ရေရှည်အကျိုးအမြတ်များ ပိုမိုရရှိစေရန် ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်နိုင်ရန် ဆန်စပါးရောင်းဝယ်မှု လုပ်ငန်းများတွင် ရင်းနှီးထည့်ဝင်ထားရန် လျာထားသည့်အတွက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၈)ရက်နေ့တွင် ကျင်းပ ပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး (၄/၂၀၂၂) ဆုံးဖြတ်ချက်အရ ယခု အစီရင်ခံသည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခွဲဝေပေးခြင်းအားမပြုရန် ဒါရိုက်တာအဖွဲ့မှ သဘောတူဆုံးဖြတ်ထားပါကြောင်းနှင့် အစုရှင်များအနေဖြင့်လည်း နားလည်ပေးစေလိုပါကြောင်း ပြောကြားအပ်ပါတယ်။ နောက်နှစ်တွေမှာ စီးပွားရေး အခွင့်အလမ်း အခြေအနေများအရ အမြတ်ဝေစုပေးနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်သွားပါမည်။ အစုရှယ်ယာ ရှင်များအား အမြတ်ဝေစုအဖြစ် ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၂၀ခုနှစ်အထိ ထုတ်ပေးခဲ့ပြီး၊ ယခုထိ (၁၆)နှစ်တာကာလအတွင်း မူလအစုရှယ်ယာတန်ဘိုး၏ ၂၄၉% ကို ပြန်လည်ထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

မိမိတို့အနေဖြင့် မိမိတို့အစုရှယ်ယာရှင်များနှင့် ကုမ္ပဏီအတွက် အကျိုးရှိစေမည့် လုပ်ငန်းများအား အစဉ်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အစုရှယ်ယာရှင်များ၏ တာဝန်ပေးမှု၊ ယုံကြည်အားထားမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း အလေးအနက်တင်ပြအပ်ပါသည်ခင်ဗျား။

ဝင်းအောင်

ဥက္ကဋ္ဌ

# ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့တင်ပြသည့် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း

## ၁။ ကုမ္ပဏီစတင်ဖွဲ့စည်းတည်ထောင်ခြင်း

ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံဒေသတွင်း အဖွဲ့ဝင် နိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကုန်သွယ်မှု ဖွံ့ဖြိုး တိုးတက်မှု အခွင့်အလမ်း ပိုမိုရရှိစေရန်ရည်ရွယ်ချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးပြည်နယ်၊ နန်နင်း တွင် မြန်မာနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ကူးသန်းရောင်းဝယ်ရေး၊ အဆောက်အဦး များ၊ စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်ရုံးများ တည်ဆောက်ရန်အတွက် မြေကွက်များပေးအပ်ခဲ့ရာ အဆိုပါ ပေးအပ်သည့် မြေကွက်များပေါ်တွင် နိုင်ငံတော်ကိုယ်စား တာဝန်ယူတည်ဆောက်ရန်အတွက် အများပိုင်ကုမ္ပဏီ တစ်ခု လိုအပ်လာခြင်းကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို ကနဦး ဦးဆောင်ဖွဲ့စည်း တည်ထောင်သူ (၇)ဦးဖြင့် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့ ခွင့်ပြုချက်ဖြင့် ကနဦး စတင်တည်ထောင်ခဲ့ ပါသည်။

## ၂။ ကုမ္ပဏီစတင်တည်ထောင်သူ ဒါရိုက်တာများ

ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အား မူလစတင် တည်ထောင်သူ (Founder) အောက်ဖော်ပြပါ ဒါရိုက်တာများသည် အစဉ်အလာကောင်းမွန်၍ ဂုဏ်သတင်းရှိသူ မြန်မာနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ၊ မူလကနဦး ဒါရိုက်တာများဖြစ်ပြီး၊ ၂၀၀၆-၂၀၀၇၊ ၂၀၀၇-၂၀၀၈ နှင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်များတွင် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် အောက်ပါအတိုင်း တာဝန် ထမ်းဆောင်ခဲ့ကြပါသည်။

| | **အမည်** | **တာဝန်** |
|---|---|---|
| (၁) | ဦးဝင်းမြင့် | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းအောင် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဇော်မင်းဝင်း | ဒါရိုက်တာ |
| (၄) | ဦးအောင်လွင် | ဒါရိုက်တာ |
| (၅) | ဦးစိန်ဝင်းလှိုင် | ဒါရိုက်တာ |
| (၆) | ဦးထွန်းအောင် (မြန်မာညွှန့်) | ဒါရိုက်တာ |
| (၇) | ဦးငြိမ်းအောင် | မန်နေးဂျင်းဒါရိုက်တာ |

မိမိတို့သည် အများပိုင်ကုမ္ပဏီတစ်ခု တည်ထောင်ခဲ့ပြီးနောက် အများပိုင်ကုမ္ပဏီများဥပဒေနှင့်အညီ ကုမ္ပဏီ၏ လုပ်ဆောင်ချက်များနှင့် အောင်မြင်မှုများအပေါ် ယုံကြည်အားထားကြသူ ပြည်သူများမှ အစုရှယ်ယာများ ထည့်ဝင်ရင်းနှီးမြှုပ်နှံလာကြခြင်းကြောင့် ထိုအရင်းအနှီးများဖြင့် စီးပွားရေးလုပ်ငန်းများအောင်မြင်စွာ လုပ်ဆောင်ခဲ့ကြသည်မှာ ယခုအခါ (၁၆)နှစ် ရှိခဲ့ပြီဖြစ်ပါသည်။

## ၃။ ကုမ္ပဏီမတည်ရင်းနှီးငွေနှင့် အများပြည်သူ ရှယ်ယာထည့်ဝင်မြှုပ်နှံထားမှု

ကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်း (Authorized Capital) သည် ၁၀,၀၀၀,၀၀၀,၀၀၀/- (ကျပ်သန်းတစ်သောင်းတိတိ)ဖြစ်၍ အစုရှယ်ယာတစ်စုလျှင် ကျပ် ၁,၀၀၀/-ဖြင့် အစုရှယ်ယာပေါင်း (၁၀,၀၀၀,၀၀၀)ဖြစ်ပါသည်။ ယခုအခါ ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် အစုရှယ်ယာရှင်(၆၃၇) ဦးရှိပြီးအစုရှယ်ယာတစ်စုလျှင် ကျပ် ၁,၀၀၀/-ဖြင့် အစုရှယ်ယာအရေအတွက် စုစုပေါင်း (၅,၅၃၄,၂၃၀)စု တန်ဘိုးအားဖြင့် ငွေကျပ် ၅,၅၃၄,၂၃၀,၀၀၀/-ကို Paid up capital အဖြစ် မတည်ရင်းနှီးထားပါသည်။

## ၄။ ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှုများ

၄-၁။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်ကုမ္ပဏီလီမိတက် (Myanmar Thilawa SEZ Holdings Public Limited – MTSH)တွင် ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်တွင် သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်အကောင် အထည်ဖော်ရန်အတွက် ဖွဲ့စည်းထားသော MTSH တွင် စတင်တည်ထောင်သူတစ်ဦးအနေဖြင့် အဖွဲ့ဝင်ကုမ္ပဏီတစ်ခုအဖြစ် ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ MTSH ကုမ္ပဏီသို့ ရင်းနှီးမြှုပ်နှံငွေ ကျပ်သန်း ၁၉၅၀ အား ထည့်ဝင်ထားပါသည်။ နိုင်ငံတကာမှ စီးပွားရေးအဖွဲ့အစည်း ကြီးများနှင့် ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုကို လွန်စွာရရှိနေသော အထူးစီးပွားရေးဇုန် (SEZ) စီမံကိန်းကြီး တစ်ခုဖြစ်ပါသည်။

ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဦးဝင်းအောင်သည် သီလဝါအထူးစီးပွားရေးဇုန်ကြီး ဖြစ်ပေါ်လာရေးအတွက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံကြား၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ညှိနှိုင်းဆောင်ရွက်ခဲ့သူဖြစ်ပြီး၊ MTSH ဒါရိုက်တာ အဖွဲ့၏ ဥက္ကဋ္ဌ အဖြစ် ၂၀၁၃-၂၀၁၄ ခုနှစ် ကုမ္ပဏီစတင်တည်ထောင်စဉ်ကပင် စတင်ဦးဆောင်ခဲ့ပြီး ယနေ့တိုင် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်လျှက်ရှိပါသည်။ ဤ ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဦးမင်းစိန်သည် အဆိုပါ MTSH တွင် Alternative Director အဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။ ကုမ္ပဏီသည် MTSH တွင် ထည့်ဝင်ထားသော ရင်းနှီးငွေများအတွက် ၂၀၁၄-၂၀၁၅ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်စဉ်အမြတ်ဝေစုများ ရရှိခဲ့ပါသည်။

MTSH ကုမ္ပဏီသည် မူလစတင်တည်ထောင်ခဲ့စဉ်က သီလဝါစီးပွားရေးဇုန်နှင့် ဆက်စပ်သောလုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ရာမှ ယခုအခါ မြို့ပြအိမ်ရာနှင့် ဘက်စုံဖွံ့ဖြိုးမှုတည်ဆောက်ရေး လုပ်ငန်းများပါ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်အတွင်းမှာလည်း ဆောက်လုပ်ရေးလုပ်ငန်း တည်ဆောက်မှု၊ လူနေနှင့် စီးပွားရေးအဆောက်အအုံများ(R&C) ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် လုပ်သားနေ အဆောင်ငှားရမ်းမှုများလည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ နှစ်စဉ်မပြတ် မိမိတို့ ထည့်ဝင်ထားသည့် အစုရှယ်ယာများအတွက် အမြတ်ဝေစုများ ရရှိပါသဖြင့် မိမိတို့ GLAD အနေဖြင့် MTSH တွင် ရင်းနှီးငွေများ ထည့်ဝင်ထားသည့်အတွက် အကျိုးခံစားခွင့်များ ခံစားရလျက်ရှိပါသည်။

## ၄-၂။ မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Myanmar Agro Exchange Public Company Limited – MAEX) တွင်ရင်းနှီးမြှုပ်နှံမှု

MAEX သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(YCDC)နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်၍ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်၊ တည်းကုန်းဘူတာနှင့် ကပ်လျက်ရှိ ၈၂.၇၈ ဧကရှိသော မြေပေါ်တွင် အကောင်အထည်ဖော်လျက်ရှိသော MAEX တည်းကုန်း သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်လက်ကားဈေးကြီးစီမံကိန်း လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံငွေ သန်း ၂၀၀၀ ထည့်ဝင်ထားရှိပါသည်။

အဆိုပါလက်ကားဈေးသစ်ကြီး ဈေးရုံများကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး၊ တည်ဆောက်ပြီးစီးသော Shop House များ ရောင်းချခြင်းနှင့် လက်ကားဈေးရုံကြီးများအတွင်းရှိ ဆိုင်ခန်းငယ်များ ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက် လျက်ရှိရာ ယခုအခါဈေးကြီး၏ ဈေးရုံ (၁)၊(၂)၊ (၃)၊(၄)တို့တွင် အရွယ်အစားစုံ ဆိုင်ခန်းပေါင်း(၇၀၀၀)ကျော် ဖွင့်လှစ်ရန် တည်ဆောက်ပြီးစီးပြီး ဆိုင်ခန်း(၈၀%)ခန့် ငှားရမ်းဖွင့်လှစ်နေပြီ ဖြစ်ကြောင်းသိရှိရပါသည်။ ဈေးဝယ်သူများ ဈေးရောင်းချသူများ တိုးတက်စည်ကားလျှက်ရှိ ပြီး နေ့စဉ်ဝင်ငွေ တိုးတက်ရရှိနေသည်ကို တွေ့မြင်နေရပြီ ဖြစ်ပါသည်။

အဆိုပါလက်ကားဈေးကြီးတွင် ပထမအဆင့်အနေဖြင့် အကြီးစား လက်ကားရောင်းဝယ်ရေး ပွဲရုံ/ ရုံးခန်း/ လူနေ ၃ ထပ်နှင့် ၄ ထပ် အဆောက်အဦး(Shophouse) အလုံး (၂၀၀)လုံးနှင့် အလတ်စားပွဲရုံ ( Medium Wholesale) (၆၄) လုံး စုစုပေါင်း (၂၆၄) လုံး တည်ဆောက်ရန် စီမံချက်ရေးဆွဲထား ပြီး၊ ပထမအဆင့်အနေဖြင့် Shop House (၆၃) ဆောက်လုပ်လျှက်ရှိရာ ၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်တွင် (၄၀)လုံး ဆောက်လုပ်ပြီးစီး ရောင်းချလျက်ရှိပြီး ကျန်၂၃ လုံးမှာ တည်ဆောက်နေဆဲဖြစ်ပါသည်။ တည်ဆောက်ပြီးစီးသွားသော ပွဲရုံ၊ ရုံးခန်းများအနက် ၃၂ လုံးမှာ ၈၀% ရောင်းချခဲ့ပြီးဖြစ်ကြောင်းလည်း သိရှိရသည်။ Shophouse များတွင် ဘဏ်များ၊ ဆန်ရောင်းဝယ်ရေးပွဲရုံ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး အရောင်းပစ္စည်းဆိုင်များ ဖွင့်လှစ်ရောင်းချ စည်ကားလျက်ရှိပါသည်။ MAEX **ကုမ္ပဏီ မှ ၂၀၁၉ ဘဏ္ဍာနှစ်တွင် တစ်ကြိမ်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တစ်ကြိမ်၊ ၂၀၂၀-၂၀၂၂ ဘဏ္ဍာနှစ်တွင် တစ်ကြိမ် စုစုပေါင်း (၃) ကြိမ် အမြတ်ဝေစုများ ရရှိပြီးဖြစ်ပါသည်။**

## ၄-၃။ မြန်မာနေရှင်နယ် တယ်လီကွန်း ဟိုးလ်ဒင်းစ် ပတ်ဘလစ် ကုမ္ပဏီလီမိတက်(Myanmar National Telecom Holdings Public Company Ltd – MNTH)တွင် ရင်းနှီးမြှုပ်နှံမှု

GLAD သည် Myanmar National Telecom Holdings Public Company Ltd (MNTH) တွင် ၂၀၁၅ ခုနှစ်မှ ယခုအစီရင်ခံသည့်နေ့အထိ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ငွေကျပ် ၂၀၇၆.၀၅ သန်း ဖြစ်ပါသည်။ MNTH ဆက်သွယ် ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ခွင့်ရရှိသည့် ကုမ္ပဏီ၏ အစုရှယ်ယာဝင်ကုမ္ပဏီဖြစ်ပြီး၊ မိမိတို့ ကုမ္ပဏီအနေဖြင့် အခြားမြန်မာ ပုဂ္ဂလိကအများပိုင် ကုမ္ပဏီ(၁၀)ခုနှင့်အတူ ပူးပေါင်း ရင်းနှီးမြှုပ်နှံထားရှိပါသည်။ လုပ်ငန်းသဘာဝအရ ရင်းနှီးမြှုပ်နှံကြီးမားသဖြင့် အမြတ်ဝေစုရရှိနိုင်ခြင်းမရှိသေးကြောင်း တင်ပြအပ်ပါသည်။







## ၅။ ဒါရိုက်တာများမှ ကုမ္ပဏီလုပ်ငန်းများ ဦးဆောင် စီမံခန့်ခွဲမှုများ

ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဦးဝင်းအောင်သည် မိမိတို့ GLAD ကုမ္ပဏီမှ အစုရှယ်ယာထည့်ဝင်ထားသည့် Myanmar Thilawa SEZ Holdings Public Limited (MTSH)၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းစိန်သည် Alternate ဒါရိုက်တာအဖြစ်လည်းကောင်း၊ Myanmar National Telecom Holdings Public Company Ltd (MNTH)တွင် ဦးထွန်းအောင်သည် ဒါရိုက်တာအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးခိုင်ဌွေးသည် Alternate ဒါရိုက်တာ အဖြစ်လည်းကောင်း၊ Myanmar Agro Exchange Public Company Limited(MAEX) ဦးကျော်တင်မြင့်သည် ဒါရိုက်တာအဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဦးမင်းစိန်နှင့် မန်နေးဂျင်းဒါရိုက်တာ ဦးထွန်းအောင်တို့သည် တာဝါတိုင် တည်ဆောက်ရေးအတွက် အနီးကပ် ကြီးကြပ်တာဝန်ယူ၍လည်းကောင်း၊ ကုန်သွယ်မှုလုပ်ငန်းကို ဒါရိုက်တာ

ဦးအောင်ဇော်ဦးမှလည်းကောင်း၊ အဆောက်အဦးများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဒါရိုက်တာ ဦးခိုင်ဌေးမှ လည်းကောင်း၊ ရုံးလုပ်ငန်း စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဒုတိယဥက္ကဋ္ဌ ဦးကျော်တင်မြင့်၊ ဒေါ်ရန်လင်း၊ ဦးသန့်ဇင်တို့မှလည်းကောင်း အသီးသီး တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

GLAD ၏ လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပြင် ရေတိုလုပ်ငန်းများကိုလည်း တပြိုင်နက်တည်း ဆောင်ရွက်နေသော်လည်း ကုမ္ပဏီ၏ဒါရိုက်တာများ ကိုယ်တိုင် အနီးကပ်ကြီးကြပ်လျှက် ဝန်ထမ်းများအနေဖြင့် စီမံရေးရာဌာနဝန်ထမ်း (၁)ဦး၊ စာရင်းကိုင်ချုပ် (၁)ဦး၊ ငွေစာရင်းဌာနမှ ဝန်ထမ်း(၁)ဦး၊ ဝန်ဆောင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဌာနဝန်ထမ်း(၁)ဦးခန့်ထားကာ စီမံခန့်ခွဲလုပ်ကိုင် ဆောင်ရွက် လျှက်ရှိပါသည်။

၆။ **ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ**

**ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့်** အင်းစိန်မြို့နယ် တညင်းကုန်းလက်ကားဈေးသစ်စီမံကိန်းအတွင်း Myanmar Agro Exchange Public Company Limited (MAEX) မှ တာဝန်ယူတည်ဆောက်လျှက်ရှိသော SHOP HOUSE အဆောက်အဦးများအနက်မှ Shop House (၄)ထပ် အဆောက်အဦး(၅)လုံးနှင့် (၃)ထပ် အဆောက်အဦး (၆)လုံး အား ကန်ထရိုက်စနစ်ဖြင့် တာဝန်ယူ တည်ဆောက်လျက်ရှိပါသည်။

Shop House (၄)ထပ် အဆောက်အဦး (၅)လုံးအနက်(၄)လုံးမှာ (၁၀၀%)ဆောက်လုပ်ပြီးစီးပြီး၊ကျန် (၁)လုံးမှာ ၉၀% ပြီးစီးနေပြီဖြစ်ပါသည်။ Shop House (၃)ထပ် အဆောက်အဦး(၆)လုံးအနက် (၄)လုံးမှာ (၁၀၀%)ခန့် ပြီးစီးနေပြီး၊ကျန် (၂)လုံးမှာ စတင်တည်ဆောက်လျှက်ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများ အား ဒါရိုက်တာ ဦးခိုင်ဌေးမှ ကြီးကြပ်ဆောင်ရွက်လျှက်ရှိပါသည်။ လုပ်သားများ ဘေးအန္တရာယ်မဖြစ်အောင် ကျန်းမာရေး ဝန်ကြီးဌာနမှ လမ်းညွှန်ထားသည့် နည်းစနစ်များအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိ ပါသည်။

**တာဝါတိုင်တည်ဆောက်အနေဖြင့်** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ MNTH မှ ကန်ထရိုက်ရယူ၍ တာဝါတိုင် (၃၂)တိုင် ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ မြေနေရာအဆင် မပြေသဖြင့် တာဝါတိုင်(၁)မှာ စာချုပ်ဖျက်သိမ်းခဲ့ပြီး၊ ကျန်(၃၁)တိုင်ကို ဆက်လက်တည်ဆောက်ခဲ့ပါသည်။ တာဝါတိုင်တည်ဆောက် ခြင်းအတွက် လုပ်ငန်းတန်ဖိုး ကျသင့်ငွေ ၉၃၆.၀၅၂ သန်းဖြင့် MNTH နှင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခဲ့ ပြီး၊ အစီရင်ခံသည့်နှစ်အထိ MNTH မှ ကျပ် ၄၇၂.၉၀၂ သန်း ရရှိ ခဲ့ပါသည်။ ဆောက်လုပ်စရိတ်ကုန်ကျငွေ ကျပ် ၆၉၉.၅၉၁ သန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ရရန်ကျန်ရှိငွေများကိုလည်း ညှိနှိုင်းတောင်းခံထားဆဲဖြစ်ပါသည်။ ယခုအခါ စုစုပေါင်း တာဝါတိုင် (၃၁)တိုင် လုပ်ငန်းပြီးစီးဖြစ်၍ MNTH ထံသို့ အပြီးသတ်လုပ်ငန်းအပ်နှံထားရှိပြီး ဖြစ်ပါသည်။

**ကုန်သွယ်ရေးလုပ်ငန်းအနေဖြင့်** ကုမ္ပဏီအတွက် အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်၍ ဒါရိုက်တာ ဦးအောင်ဇော်ဦးမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆန်စပါးတင်ပို့ရောင်းချရေးလုပ်ငန်းတွင် ရင်းနှီးငွေ ထည့်ဝင်၍ လုပ်ငန်းများဆောင်ရွက်ထား ရှိပါသည်။

လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်သွားမည့်အပြင် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် စက်မှုကုန်ထုတ်လုပ်မှုနှင့် စက်မှု/ အိမ်ရာအခြေခံအဆောက်အဦးများ တည်ဆောက်ရေးလုပ်ငန်းများ၊ ရေတိုအကျိုးအမြတ်ရရှိနိုင်မည့် သွင်းကုန်၊ ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ကုမ္ပဏီ၏ ပုံမှန်ဝင်ငွေ ရရှိရေးအတွက် တိုးချဲ့ဆောင်ရွက်လျှက်ရှိပါသည်။

ဒါရိုက်တာအဖွဲ့အနေဖြင့် ရရှိထားပြီးသော စီးပွားရေးအခွင့်အလမ်းကောင်းများကို တိကျ၊ မြန်ဆန်စွာ အချိန်နှင့်တပြေးညီ အကျိုးရှိရှိအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလေးအနက်ထား၍ အစီအမံများ ချမှတ် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၇။ ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပါဝင်မှုအခြေအနေ (၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်အထိ)

| စဉ် | အမည် | ရှယ်ယာအရေအတွက် | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ဦးဝင်းအောင် | ၁၂၂,၉၇၀ | ၂.၂၂ % |
| ၂ | ဦးကျော်တင်မြင့် | ၂၁၀,၅၅၀ | ၃.၈၀% |
| ၃ | ဦးမင်းစိန် | ၁၄၅,၅၅၀ | ၂.၆၃% |
| ၄ | ဦးခိုင်ငွေး | ၅၅,၅၅၀ | ၁.၀၀% |
| ၅ | ဒေါ်ရန်လင်း | ၂၁၀,၅၅၀ | ၃.၈၀% |
| ၆ | ဦးသန့်ဇင် | ၂၃၈,၀၀၀ | ၄.၃၀% |
| ၇ | ဦးထွန်းအောင် | ၈၁,၁၅၀ | ၁.၄၇% |

## ၈။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်အတည်ပြုခန့်ထားခြင်း

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုး တိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် ဆက်လက်တာဝန်ယူကြမည့် ဒါရိုက်တာအဖွဲ့ဝင်များစာရင်းအား ၃၀.၁၂.၂၀၂၁ ရက်နေ့တွင် ပြုလုပ်သည့် "၁၅"ကြိမ်မြောက် အထွေထွေအစည်းအဝေးကြီးမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ခန့်အပ်ထားသည့် အောက်ဖော်ပြပါ ဒါရိုက်တာ (၇) ဦးကို တာဝန်ပေးအပ်ကြောင်း ယင်းအစည်းအဝေးကြီးမှ အတည်ပြုခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များမှာ -

| | အမည် | အလုပ်အကိုင် | ရာထူး |
|---|---|---|---|
| (၁) | ဦးဝင်းအောင် | ဥက္ကဋ္ဌ၊ဒဂုန်အင်တာနေရှင်နယ်လီမိတက် | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်တင်မြင့် (ခေါ်)ဦးတင်မြင့် | ဥက္ကဋ္ဌ၊မြတ်ချမ်းသာကုမ္ပဏီလီမိတက် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးမင်းစိန် | ကုန်သည် | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးခိုင်ငွေး | ကုန်သည် | ဒါရိုက်တာ |
| (၅) | ဒေါ်ရန်လင်း | ဖက်ရှင်လုပ်ငန်းပိုင်ရှင်၊ မေလင်းဖက်ရှင်နှင့် ဆန်းသစ်လွင်အထည်ချုပ်လုပ်ငန်း | ဒါရိုက်တာ |
| (၆) | ဦးသန့်ဇင် | ကုန်သည် | ဒါရိုက်တာ |
| (၇) | ဦးထွန်းအောင် | MD, Myanmar Nyunt Co.,Ltd | မန်နေးဂျင်းဒါရိုက်တာ |

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇၊ ဒါရိုက်တာများခန့်အပ်ခြင်း ပုဒ်မ ၁၇၃(ခ)တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတစ်ရပ်စီ၌ ဒါရိုက်တာဦးရေ စုစုပေါင်း၏ သုံးပုံတစ်ပုံ (သို့မဟုတ်) သုံးပုံတစ်ပုံနှင့် အနီးစပ်ဆုံးဖြစ်သည့် အရေအတွက်သည် ရာထူးမှ အငြိမ်းစားယူရမည်ဟု ပြဋ္ဌာန်းထားခြင်းနှင့်အညီ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာများ အလှည့်ကျနုတ်ထွက်ပေးရန်ဖြစ်သည့်အလျောက် ဒါရိုက်တာအဖွဲ့ဝင် (၇)ဦးအနက်မှ ဒါရိုက်တာ (၃)ဦးဖြစ်သော ဦးမင်းစိန်၊ ဒေါ်ရန်လင်း၊ ဦးသန့်ဇင်တို့မှ နုတ်ထွက်ကြမည်ဖြစ်ပြီး၊ ဒါရိုက်တာအဖြစ်ပြန်လည် ရွေးချယ်ခံလိုပါက ရွေးချယ်ပိုင်ခွင့်ရှိပါသည်။

## ၉။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်း

ကုမ္ပဏီစတင် တည်ထောင်သည့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှစ၍ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ကျင်းပခဲ့ရာ ယခုနှစ်တွင် (၁၆) ကြိမ်မြောက်ထိ နှစ်စဉ်မပြတ် အောင်မြင်စွာကျင်းပခဲ့ပါသည်။

## ၁၀။ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးကျင်းပမှုအခြေအနေ

ဒါရိုက်တာအဖွဲ့အနေဖြင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား စီရင်သုံးသပ်ရန်အတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ( ၄ )ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။

| ဒါရိုက်တာအမည် | အစည်းအဝေးတက်ရောက်မှု (အကြိမ်) |
|---|---|
| ဦးဝင်းအောင် | ၄ ကြိမ် |
| ဦးကျော်တင်မြင့် | ၄ ကြိမ် |
| ဦးမင်းစိန် | ၄ ကြိမ် |
| ဦးထွန်းအောင် | ၄ ကြိမ် |
| ဦးခိုင်ဌေး | ၄ ကြိမ် |
| ဒေါ်ရန်လင်း | ၄ ကြိမ် |
| ဦးသန့်ဇင် | ၄ ကြိမ် |

## ၁၁။ ပြင်ပစာရင်းစစ်ခန့်ထားခြင်း

ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်အဖြစ် Win Thin & Associates ကိုလည်း ကုမ္ပဏီစတင်တည်ထောင်စဉ်မှစ၍ အစုရှင်များ၏ သဘောတူညီချက်နှင့်အညီ နှစ်စဉ်ခန့်ထားခဲ့ပြီး၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရေ ပြင်ပစာရင်းစစ်အဖြစ် Win Thin & Associates အားခန့်အပ်ကြောင်း ၂၈.၁၂.၂၀၂၁ ရက်နေ့ ပြုလုပ်သော ဒါရိုက်တာအဖွဲ့အစည်းအဝေး (၇/၂၀၂၁)မှ ဆုံးဖြတ်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့တွင် ကျင်းပပြီးခဲ့သည့် နှစ်ပတ်လည်အစည်းအဝေးတွင် ပြန်လည်ခန့်ထားရန် သဘောတူခဲ့ပါ

သဖြင့် ဆက်လက်ခန့်ထားခဲ့ပြီး၊ ယခုတင်ပြထားသည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းများနှင့်အညီ Win Thin & Associates မှ စစ်ဆေးခဲ့သည့် စာရင်းများဖြစ်ပါသည်။

## ၁၂။ ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း

ကုမ္ပဏီ၏ ရင်းနှီးငွေတန်ဖိုးမှာကျပ် ၅၅,၃၄၂.၃၀ သိန်းဖြစ်ပါသည်။ ယခင်နှစ် (၃၁.၃.၂၀၂၁) အထိအမြတ် လက်ကျန်ကျပ် ၁၄,၅၁၇.၂၄၉၁၆ သိန်းဖြစ်ပြီး၊ ယခု၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အသားတင်အမြတ်ကျပ် ၂,၂၀၄.၃၉၃၆၅ သိန်းရရှိခဲ့ရာ ၃၁.၃.၂၀၂၂နေ့ရှိ စုဆောင်းပြီးအမြတ်လက်ကျန်ငွေ ကျပ်၁၆,၇၂၁.၆၄၂၈၂ သိန်း ဖြစ်ပါသည်။ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းကို စာရင်းစစ်အဖွဲ့၏ ဘဏ္ဍာရေးရှင်းတမ်းအစီရင်ခံစာတွင် အသေးစိတ်တင်ပြထားပါသည်။

## ၁၃။ အမြတ်ဝေစုခွဲဝေပေးခြင်းကိစ္စ

ကုမ္ပဏီသည် ရေရှည်ရင်းနှီးမြှုပ်နှံမှုများတွင် ရင်းနှီးထည့်ဝင်ထားပြီး နောင်ရေရှည်အကျိုးအမြတ်များ ပိုမိုရရှိပြီး အစုရှယ်ယာရှင်များအနေဖြင့် မိမိတို့ ရင်းနှီးမြှုပ်နှံထားရှိမှုများမှ အကျိုးအမြတ်ပိုမိုရရှိစေရန် ရည်ရွယ်၍ လုပ်ငန်းအသစ်များ ထပ်မံတိုးချဲ့လုပ်ကိုင်ရန် လျာထားသည့်အတွက် ၂၀၁၉ ခုနှစ်မှစ၍ အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းများ စတင်လုပ်ကိုင်ခြင်းနှင့် ဆန်ရောင်းဝယ်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်းစသည့် လုပ်ငန်းအခွင့် အလမ်းသစ်များ ဆောင်ရွက်လျက်ရှိခြင်း၊ ကုမ္ပဏီအနေဖြင့် Covid ကပ်ရောဂါ ထိခိုက်မှုကာလ (၂)နှစ်ခန့်ရှိ သွားပြီး ထူးခြားဖြစ်စဉ်များလည်း ဖြစ်ပေါ်လျက်ရှိသောကာလတွင် စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းနေခြင်း၊ စီးပွားရေးလုပ်ငန်းများ အခြေအနေအရကုမ္ပဏီအနေဖြင့် ရှေ့ဆက်လက် လျှောက်လှမ်းရမည့်ကာလတွင် ဘဏ္ဍာငွေ တောင့်တင်းမှုနှင့်လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခွဲဝေပေးခြင်း မပြုရန်အတွက် (၁၈.၁၁.၂၀၂၂)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေး (၄/၂၀၂၂) တွင်ဒါရိုက်တာအဖွဲ့မှ သဘောတူဆုံး ဖြတ်ခဲ့ကြပါသည်။ နောင်နှစ်တွေမှာ စီးပွားရေး အခွင့်အလမ်းများအနေအထားအရ အမြတ်ဝေစုပေးနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်သွားပါမည်။ ကုမ္ပဏီ သည် ယခုအချိန်အထိ ပေးရန် ကြွေးမြီများ လုံးဝမရှိပါကြောင်းလည်း အစုရှင်များကို အသိပေးအပ်ပါသည်။

ကုမ္ပဏီသည် ၂၀၀၇-၂၀၀၈ ခုနှစ်မှ၂၀၂၀ ခုနှစ်အထိ နှစ်စဉ်အမြတ်ဝေစုများ ခွဲဝေပေးခဲ့ရာ ယခုချိန်ထိ အမြတ်ဝေစုအဖြစ် ကနဦးမူလရှယ်ယာ ထည့်ဝင်ခဲ့ကြသူများ ထည့်ဝင်ခဲ့သောမတည်ငွေရင်း၏ ၂၄၉% အား အစုရှယ်ယာရှင်များအား ခွဲဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

## ၁၄။ ကုမ္ပဏီပိုင်ရုံးခန်းတည်နေရာ

ကုမ္ပဏီရုံးခန်းလိပ်စာမှာ ရန်ကုန်တိုင်းဒေသကြီး ၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၆၈၊ ပြည်လမ်း၊ ဒဂုန်စင်တာ-၂၊ ၈ လွှာ -အခန်းအမှတ် (8E ) မြေနီကုန်း သို့ ၂၀၁၉ခု ဧပြီလ ၁ ရက်နေ့မှ စ၍ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

၁၅။ **နိဂုံး**

ယခုနှစ်ပတ်လည်တွင် တင်ပြထားသော ဘဏ္ဍာနှစ်တွင် စီးပွားရေးလုပ်ငန်းများ၏ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ကုမ္ပဏီအနေဖြင့် (၂၀၂၁-၂၀၂၂) ခုနှစ်အတွက် အခွန်လျာထား ချက်နှုတ်ပြီး အသားတင်အမြတ် ၂,၂၀၄.၃၉၃၆၅ သိန်းရရှိစေရန် ကြိုးပမ်းဆောင်ရွက် နိုင်ခဲ့ပါသည်။

မိမိတို့ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအကျိုးအမြတ်ဖြစ်ထွန်းမည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ် ရင်းနှီးမြှုပ်နှံခြင်း၊ ရေတိုဝင်ငွေရရှိ နိုင် မည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရင်ဆိုင်ကြုံ တွေ့ရသော အခက်အခဲများကိုလည်း ညီညွတ်စွာ ပူးပေါင်းဖြေရှင်းကြပြီး၊ အောင်မြင်သည့် ရလဒ်ကောင်းများ ရရှိစေရန် ဆက်လက်ဆောင်ရွက်ပေးခြင်းဖြင့် ကုမ္ပဏီအကျိုးစီးပွားတိုးတက်ရေး စဉ်ဆက်မပြတ် တည်ရှိသွား စေမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ရက်စွဲ ။ ။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၆ )ရက်။

## ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်များ



ဦးဝင်းအောင်သည် ဤကုမ္ပဏီ၏ ဥက္ကဌဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်က ကုမ္ပဏီကို မူလဦးဆောင်တည်ထောင်ခဲ့သည့် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကုမ္ပဏီ၏ ဒုတိယဥက္ကဌတာဝန်ကို ထမ်းဆောင်ခဲ့ပြီး၊ ၂၀၁၁ ခုနှစ် ဧပြီလမှ ယနေ့တိုင် ကုမ္ပဏီ၏ ဥက္ကဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

ဦးဝင်းအောင်သည် Myanmar Thilawa SEZ Holdings Public Company Ltd (MTSH)၏ ဥက္ကဌအဖြစ် တာဝန်ယူ ဦးဆောင်နေသူ တစ်ဦးဖြစ်ပြီး၊ သီလဝါ အထူးစီးပွားရေးဇုန် ဖြစ်ပေါ်အကောင်အထည်ဖော်နိုင်ရန် နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ဦးဆောင်အားစိုက် ကြိုးပမ်းညှိနှိုင်း၍ ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ပြီး၊ ဂျပန်နိုင်ငံလုပ်ငန်းရှင်များနှင့် တွဲဖက်၍ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ရရှိရန်နှင့် အများပြည်သူများမှ အစုရှယ်ယာ ထည့်ဝင်နိုင်ရန် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်ညှိနှိုင်းခဲ့သူ တစ်ဦးဖြစ်ပါသည်။

ဦးဝင်းအောင်သည် Myanmar Japan Thilawa Development Ltd (MJTD)၏ ဥက္ကဌအဖြစ်လည်းကောင်း၊ ဒညင်းကုန်းလက်ကားဈေးသစ်ကြီး တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် "Myanmar Agro Exchange Public Company Ltd (MAEX)"၏ တည်ထောင်သူ ဥက္ကဌအဖြစ်လည်းကောင်း၊ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

ဦးဝင်းအောင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၏ ဥက္ကဌအဖြစ် ၂၀၁၁ခုနှစ်မှ ၂၀၁၆ခုနှစ်ထိလည်းကောင်း။ အာဆီယံစီးပွားရေး အကြံပေးကောင်စီ (ABAC)၏ ဥက္ကဌအဖြစ် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိလည်းကောင်း၊ မဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်(GMS–BF)၏ ဥက္ကဌအဖြစ် ၂၀၁၂ ခုနှစ် မှ ၂၀၁၄ ခုနှစ်အထိ လည်းကောင်း ထမ်းဆောင်ခဲ့ပါသည်။ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ (NESAC)နှင့် ကုလသမဂ္ဂ အရှေ့အာရှနှင့် ပစိဖိတ်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး UN–ESCAP တို့၏ အကြံပေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးအဖြစ်လည်း တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

ဦးဝင်းအောင်သည် Dagon Group of Companies အား ၁၉၉၀ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ပြီး၊ Dagon Group of Companies၏ ဥက္ကဌအဖြစ် ယနေ့တိုင် တာဝန်ယူဆောင်ရွက်လျက်ရှိ ပါသည်။



ဦးထွန်းအောင်သည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို စတင်တည်ထောင်သူများအနက် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ လက်ရှိ ဤကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူဆောင် ရွက်လျှက်ရှိပါသည်။

ဦးထွန်းအောင်သည် မြန်မာညွှန့်ကုမ္ပဏီလီမိတက်ကို ၁၉၈၉ ခုနှစ်၊ မေလတွင် ဦးဆောင်တည်ထောင်ခဲ့ သူများအနက်တစ်ဦးဖြစ်ပြီး၊ ယင်းကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။ မြန်မာညွှန့်ကုမ္ပဏီလီမိတက်သည် ပဲမျိုးစုံတန်ဖိုးမြှင့် ထုတ်ကုန် တင်ပို့ခြင်းလုပ်ငန်းနှင့် ရာဘာစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်

လျှက်ရှိပါသည်။ ဦးထွန်းအောင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ၁၉၉၉ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။



ဦးခိုင်ဌေးသည် ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ Trade Garden Co, Ltd တွင် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးအဖြစ် တာဝန်ထမ်းဆောင် လျှက်ရှိပြီး လက်ရှိ ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲမျိုးစုံနှင့် စားအုန်းဆီလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။ ဦးခိုင်ဌေးသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ M.B.A ဘွဲ့ ရရှိခဲ့ပါသည်။



ဦးကျော်တင်မြင့်သည် ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင် လျှက် ရှိပါသည်။ ဦးကျော်တင်မြင့်သည် မြ**န်မာအက်ဂရီအိတ်(စ်)**ချိန်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီ**လီမိတက်**(MAEX) တွင်ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ အလုပ်အမှုဆောင် တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။ ဦးကျော်တင်မြင့်သည် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့၊ မဟာသု တေသနဘွဲ့နှင့် M.A, M.Res, LL.B, B.Sc, D.B.L, D.M.L, D.I.L, D.D.S, D.L.I.S, D.A.Psy, H.G.P ဘွဲ့တို့ကို ရရှိခဲ့ပါသည်။



ဦးမင်းစိန်သည် ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။ ပထမပုဂ္ဂလိကဘဏ်လီမိတက်တွင် ဒါရိုက်တာအဖြစ် (၃)နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးမင်းစိန်သည် မြ**န်မာအက်ဂရီအိတ်(စ်)**ချိန်း အများနှင့် သက်ဆိုင်သောကုမ္ပဏီ **လီမိတက်**(MAEX)တွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ Myanmar Thilawa SEZ Holdings Public Limited (MTSH)၏ Alternate Director အဖြစ်လည်းကောင်း ဆောင်ရွက်လျှက်ရှိပါသည်။ ဦးမင်းစိန်သည် ဟသ်ာတမြို့တွင် မီနီမားကတ်ဆိုင်လုပ်ငန်း၊ ရာသီထွက်သီးနှံများ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောင်းကုန်းမြို့တွင် အဖျော်ယမကာစက်ရုံနှင့်လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်း၊ ချောင်းသာတွင် အသေးစား ငွေချေးလုပ်ငန်းနှင့်

မိုဘိုင်းငွေဖြည့်ကဒ် ဖြန့်ချီရေးလုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ ဦးမင်းစိန်သည် လုပ်သားများကောလိပ် (ရန်ကုန်တက္ကသိုလ်)မှ B.A (Philosophy)ဘွဲ့ကို ၁၉၇၇ ခုနှစ်တွင် ရရှိခဲ့ပါသည်။



ဒေါ်ရန်လင်းသည် ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ဒေါ်ရန်လင်းသည်အထည်အလိပ် ဖြန့်ဖြူးရောင်းချသော ဆန်းသစ်လွင် ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဖြစ်ပါသည်။ သူမသည် **မြန်မာအက်ဂရီအိတ်(စ်)**ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ**လီမိတက်** (MAEX)တွင်ဒုတိယဥက္ကဋ္ဌ တစ်ဦးဖြစ်ပါသည်။ ဒေါ်ရန်လင်းသည် မန္တလေး တက္ကသိုလ်မှ B.A (History) ဘွဲ့ ရရှိခဲ့ သူဖြစ်ပါသည်။



ဦးသန့်ဇင်သည် ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ဦးသန့်ဇင်သည် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ B.A (Geography)ဘွဲ့နှင့် Diploma in Food Technology တို့ကို ရရှိခဲ့ပါသည်။ UNITED PAINT GROUP Co,Ltd (UPG)တွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် နှစ်(၂၀)ကျော်နှင့် UNISAN PLASTIC FACTORY Co.,Ltd(UPF)တွင် Finance Director အဖြစ် (၅)နှစ်အပါအဝင် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးအဖြစ် နှစ်ပေါင်း (၂၀)ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ EXCELLENCE MINERAL MANUFACTURING Co,Ltd (EMM)တွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် (၁၀)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံ ပထဝီဝင် အသင်းကြီး၏ အလုပ်အမှုဆောင် တစ်ဦးဖြစ်ပြီး၊ ပထဝီဝင် ကျောင်းသားဟောင်းများအသင်း (ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

# GLAD အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ထားသည့် MTSH ကုမ္ပဏီ၏ လုပ်ငန်းအခြေအနေ









# GLAD အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ထားသည့် MAEX ကုမ္ပဏီ၏ လုပ်ငန်းအခြေအနေ













# GLAD မှ တာဝန်ယူ တည်ဆောက်နေသည့်  အဆောက်အဦများနှင့် တာဝါတိုင်များမှတ်တမ်းဓါတ်ပုံ


















# ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ဘဏ္ဍာရေးရှင်းတမ်းများ

၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
**၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်**

မာတိကာ


| | စာမျက်နှာ |
|---|---|
| စီမံအုပ်ချုပ်သူများ၏တာဝန်တင်ပြချက် | ၁ |
| ပြင်ပစာရင်းစစ်အစီရင်ခံစာ | ၂-၃ |
| ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၄ |
| ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၅ |
| အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၆ |
| ငွေသားစီးဆင်းမှုရှင်းတမ်း | ၇ |
| ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ | ၈-၁၉ |

## ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် စီမံအုပ်ချုပ်သူများ၏တာဝန်တင်ပြချက်

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသား စီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသောစာရင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်း ဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာ ဖြစ်ပါသည်။ ယင်းတာဝန်တွင်-

- ဆီလျော်သော စာရင်းဆိုင်ရာမူဝါဒများအားရွေးချယ်၍ တစ်သတ်မတ်တည်း ကျင့်သုံးခြင်း နှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့်ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်း တို့ကို ပြုလုပ်ခြင်း တို့ပါဝင်ပါသည်။

ကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများအနေဖြင့် သင့်လျော်သောစာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန်တာဝန်ရှိပါသည်။ ကုမ္ပဏီ၏ ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့်မသမာမှုများနှင့် ပုံမှန်မဟုတ်သောမှားယွင်းမှုများကို ကာကွယ်ဖော်ထုတ်နိုင်ရန် ၎င်းအတွက်သင့်လျော်သလို ဆောင်ရွက်ရန်အထွေထွေ တာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

ဦးထွန်းအောင်
အုပ်ချုပ်မှုဒါရိုက်တာ
ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

Golden Land East Asia Development Public Co., Ltd. ★ GLAD ★
No.............
Date............

နေ့စွဲ။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်။

*HEAD OFFICE:-* Room (2B/2C) 1st Floor, Rose Condominium, No. 182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com
*MANDALAY BRANCH:- OFFICE* Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region, Myanmar. Tel: 95-2-4034451, Fax: 95-2-4034498

စာအမှတ် - ၆၂၅/ ဂျီ-၇၂/ မတ်လ ၂၀၂၂

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

**အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

### ဘဏ္ဍာရေးရှင်းတမ်းများအပေါ်အစီရင်ခံခြင်း

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် "ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်"၏ ၂၀၂၂ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်း မှုရှင်းတမ်းနှင့်အရေးပါသောစာရင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

### ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်သူများ၏တာဝန်

၎င်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်တွင် မသမာမှု၊ မှားယွင်းမှုတို့ကြောင့်အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသောဘဏ္ဍာရေးရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာရေးဆွဲဖော်ပြရန်နှင့် စပ်လျဉ်းသောလုပ်ငန်းတွင်းထိန်းချုပ်မှု အစီအစဉ်ကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းခြင်းသင့်လျော်သောစာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ် ကျင့်သုံးခြင်းနှင့်အခြေအနေအရ ဆီလျော်သောစာရင်းဆိုင်ရာ ခန့်မှန်းချက်များကို ပြုလုပ်ခြင်းတို့လည်း ပါဝင်ပါသည်။

### စာရင်းစစ်၏တာဝန်

ကျွန်တော်များအဖွဲ့၏တာဝန်မှာ ကျွန်တော်များ၏ စာရင်းစစ်ဆေးချက်ကို အခြေပြု၍ယင်း ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ထင်မြင်ယူဆချက်ပေးရန်ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ စစ်ဆေးမှုများကိုဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များအဖွဲ့အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်း များသည်အရေးပါသော အချက်များအား မှားယွင်းစွာဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်သေချာမှုရှိစေရန် အစီအစဉ်များ ရေးဆွဲပြီးစစ်ဆေးဆောင်ရွက်ရန်လိုအပ်ပါသည်။ စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များနှင့် ကျသင့်ငွေ/ တန်ဖိုးများအတွက် စာရင်းစစ်အထောက်အထားများရယူရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်ပါဝင်ပါသည်။ ရွေးချယ်ထားသောလုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေးရှင်းတမ်း များ၏ အရေးပါသောမှားယွင်းချက်၏ အန္တရာယ်များကို အကဲဖြတ်ခြင်းများအပါအဝင် စာရင်းစစ်၏ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းအပေါ်တွင်မူတည်ပါသည်။

ထိုအန္တရာယ်များအား အကဲဖြတ်မှုများပြုလုပ်ရာ တွင်စာရင်းစစ်သည် အခြေအနေနှင့်ဆီလျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်အဖွဲ့အစည်း၏ဘဏ္ဍာရေး ရှင်းတမ်းများ ရေးဆွဲမှုနှင့် သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်အလို့ငှာ သက်ဆိုင်သောဌာနတွင်းကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း ၎င်းအဖွဲ့၏ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှု ထိရောက်မှုအပေါ်တွင် ထင်မြင်ယူဆချက်ပေးရန်မရည်ရွယ်ပါ။ စာရင်းစစ်ဆေးရာ တွင်စီမံခန့်ခွဲသူများက အသုံးပြုခဲ့သော စာရင်းကိုင်မှုများ၏ ဆီလျော်မှုနှင့်ပြုလုပ်ခဲ့သော စာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကို သုံးသပ်ခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၏တင်ပြချက် အားလုံးအပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။
ကျွန်တော်များရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှုပေးရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

## ထင်မြင်ယူဆချက်

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောလီမိတက်၏ ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့် အရေးပါသောအချက်များအားလုံးကို သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း၊ ကျွန်တော်များထင်မြင်ယူဆပါသည်။

## အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ်အစီရင်ခံခြင်း

(၁) ကျွန်တော်များအဖွဲ့မှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၂၅၈ နှင့်အညီ စာရင်းစာအုပ်များကိုထိန်းသိမ်း ထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

ဒေါ်နုဝါ (ပီအေပီပီ-၅၉၉)
Engagement Partner
ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။
အခန်းအမှတ်(၂၁/၂၀)၊ ပထမထပ်၊နှင်းဆီကွန်ဒိုအိမ်ယာ၊
အမှတ် ၁၈၂/၁၉၄၊ ဗိုလ်တစ်ထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

နေ့စွဲ။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်။

## ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ

| | မှတ်စု | ၂၀၂၂ | ၂၀၂၁ |
|---|---|---|---|
| **လက်ငင်းမဟုတ်သောရပိုင်ခွင့်များ** | | | |
| ပုံသေပိုင်ပစ္စည်း | ၄ | ၂၀၇,၉၈၁,၇၆၀.၅၀ | ၇၂၅,၀၉၆.၅၀ |
| ရင်းနှီးမြှုပ်နှံမှု | ၅ | ၉,၁၄၇,၈၀၂,၅၀၀.၀၀ | ၉,၉၄၄,၉၉၈,၂၀၀.၀၀ |
| | | ၉,၃၅၅,၇၈၄,၂၆၀.၅၀ | ၉,၉၄၅,၇၂၃,၂၉၆.၅၀ |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ကြိုတင်ပေး | ၆ | ၆၉၃,၀၇၃,၈၈၀.၀၉ | ၇၆၀,၇၁၅,၇၉၃.၀၉ |
| ရရန်ရှိစာရင်း | ၇ | ၈၄၁,၀၉၄,၆၄၅.၈၄ | ၈၅၈,၅၆၉,၂၇၇.၃၆ |
| ငွေနှင့်ဘဏ်လက်ကျန် | ၈ | ၂၂၈,၂၇၁,၆၂၇.၂၀ | ၂၂၃,၂၀၁,၃၁၄.၀၁ |
| | | ၁,၇၆၂,၄၄၀,၁၅၃.၁၃ | ၁,၈၄၂,၄၈၆,၃၈၄.၄၆ |
| | | ၁၁,၁၁၈,၂၂၄,၄၁၃.၆၃ | ၁၁,၇၈၈,၂၀၉,၆၈၀.၉၆ |
| **ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | | ၅,၅၇၂,၈၉၅,၀၀၀.၀၀ | ၅,၅၇၂,၈၉၅,၀၀၀.၀၀ |
| Fair value reserve | ၉ | ၂,၉၉၀,၀၀၇,၁၇၈.၀၀ | ၃,၇၈၇,၂၀၂,၈၇၈.၀၀ |
| အမြတ်လက်ကျန် | | ၁,၆၇၂,၁၆၄,၂၈၂.၀၁ | ၁,၄၅၁,၇၂၄,၉၁၆.၈၈ |
| | | ၁၀,၂၃၅,၀၆၆,၄၆၀.၀၁ | ၁၀,၈၁၁,၈၂၂,၇၉၄.၈၈ |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ပေးရန်ရှိစာရင်း | ၁၀ | ၁၄၆,၃၈၇,၅၈၈.၂၄ | ၁၅၄,၅၃၇,၀၄၂.၆၄ |
| အခွန်လျာထားငွေ | ၁၁ | ၇၃၆,၇၇၀,၃၆၅.၃၈ | ၇၁၃,၀၂၀,၃၇၄.၄၄ |
| ကြိုတင်ရတည်းကုန်းအဆောက်အဦ | | – | ၁၀၈,၈၂၉,၄၆၉.၀၀ |
| | | ၈၈၃,၁၅၇,၉၅၃.၆၂ | ၉၇၆,၃၈၆,၈၈၆.၀၈ |
| | | ၁၁,၁၁၈,၂၂၄,၄၁၃.၆၃ | ၁၁,၇၈၈,၂၀၉,၆၈၀.၉၆ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

Director
Golden Land East Asia Development
Public Company Limited.

Tun Aung
Managing Director
Golden Land East Asia Development
Public Company Limited.

## ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း
ငွေကြေး - မြန်မာကျပ်ငွေ

| | မှတ်စု | ၂၀၂၂ | ၂၀၂၁ |
|---|---|---|---|
| **ဝင်ငွေ** | | | |
| တည်းကုန်းအဆောက်အဦဆောက်လုပ်ခြင်းမှရငွေ | ၁၂ | ၃၆၆,၆၉၉,၂၀၀.၀၀ | - |
| တည်းကုန်းအဆောက်အဦးဆောက်လုပ်ခြင်း အတွက် ဒဂုံမှပံ့ပိုးပေးသော ပစ္စည်းတန်ဖိုး | | (၁၄၉,၆၁၇,၃၈၈.၀၀) | - |
| ကုန်သွယ်လုပ်ငန်းခွန် | | (၁၀,၈၅၄,၀၉၀.၆၀) | - |
| | | ၂၀၆,၂၂၇,၇၂၁.၄၀ | - |
| တည်းကုန်းအဆောက်အဦဆောက်လုပ်ခြင်းကုန်ကျစရိတ် | | (၁၇၀,၆၆၀,၀၀၀.၀၀) | - |
| အကြမ်းအမြတ် | | ၃၅,၅၆၇,၇၂၁.၄၀ | - |
| အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှရငွေ | | ၃၀,၀၀၀,၀၀၀.၀၀ | ၄၀,၂၀၀,၀၀၀.၀၀ |
| အခြားရငွေ | ၁၃ | ၁၅,၄၇၉,၉၂၃.၄၃ | ၇,၈၀၂,၅၁၈.၅၆ |
| | | ၈၁,၀၄၇,၆၄၄.၈၃ | ၄၈,၀၀၂,၅၁၈.၅၆ |
| **အသုံးစရိတ်များ** | | | |
| စီမံခန့်ခွဲမှုစရိတ် | ၁၄ | (၂၂,၄၂၉,၉၁၆.၀၀) | (၄၂,၀၅၂,၃၂၁.၅၀) |
| | | (၂၂,၄၂၉,၉၁၆.၀၀) | (၄၂,၀၅၂,၃၂၁.၅၀) |
| အခွန်မလျှာထားမီ အသားတင်အမြတ်/(အရှုံး) | | ၅၈,၆၁၇,၇၂၈.၈၃ | ၅,၉၅၀,၁၉၇.၀၆ |
| ဝင်ငွေခွန် | | (၁၂,၈၉၅,၉၀၀.၃၄) | (၁,၄၈၇,၅၄၉.၂၇) |
| အခွန်လျာထားပြီးအသားတင်အမြတ်ငွေ | | ၄၅,၇၂၁,၈၂၈.၄၉ | ၄,၄၆၂,၆၄၇.၇၉ |
| အမြတ်ဝေစုရရှိခြင်း | ၁၅ | ၁၇၇,၁၅၄,၆၀၀.၀၀ | ၃၇၈,၈၇၈,၂၈၀.၀၀ |
| နိုင်ငံခြားငွေလဲလှယ်နှုန်းခြားနားငွေ | | (၂,၄၃၇,၀၆၃.၃၆) | ၁၀,၁၁၁,၁၁၅.၉၈ |
| **နှစ်ဆုံးရှိအမြတ်** | | ၂၂၀,၄၃၉,၃၆၅.၁၃ | ၃၉၃,၄၅၂,၀၄၃.၇၇ |
| **အခြားဝင်ငွေအလုံးစုံရှင်းတမ်း** | | | |
| နှစ်ဆုံးရှိအမြတ် | | ၂၂၀,၄၃၉,၃၆၅.၁၃ | ၃၉၃,၄၅၂,၀၄၃.၇၇ |
| Fair value reserve | | | |
| မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုး(လ်)ဒင်းပတ်ဘလစ် ကုမ္ပဏီလီမိတက် | | ၂,၇၉၀,၀၀၇,၁၇၈.၀၀ | ၃,၅၈၇,၂၀၂,၈၇၈.၀၀ |
| မြန်မာအက်ဂရီအိတ်(စ်)ချိန်းပတ်ဘလစ်ကုမ္ပဏီလီမိတက် | | ၂၀၀,၀၀၀,၀၀၀.၀၀ | ၂၀၀,၀၀၀,၀၀၀.၀၀ |
| | | ၃,၂၁၀,၄၄၆,၅၄၃.၁၃ | ၄,၁၈၀,၆၅၄,၉၂၁.၇၇ |
| **စုစုပေါင်းဝင်ငွေအလုံးစုံ** | | ၃,၂၁၀,၄၄၆,၅၄၃.၁၃ | ၄,၁၈၀,၆၅၄,၉၂၁.၇၇ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၂ ခုနှစ် မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ

| | ၂၀၂၂ | ၂၀၂၁ |
|---|---|---|
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | | |
| စာရင်းဖွင့် | ၅,၅၇၂,၈၉၅,၀၀၀.၀၀ | ၅,၅၇၂,၈၉၅,၀၀၀.၀၀ |
| နှစ်အတွင်းရှယ်ယာထပ်မံထည့်ဝင်ငွေ | – | – |
| | ၅,၅၇၂,၈၉၅,၀၀၀.၀၀ | ၅,၅၇၂,၈၉၅,၀၀၀.၀၀ |
| အမြတ်လက်ကျန် | | |
| စာရင်းဖွင့် | ၁,၄၅၁,၇၂၄,၉၁၆.၈၈ | ၁,၃၉၀,၃၂၆,၆၇၃.၁၁ |
| ယခုနှစ်အသားတင်အမြတ် | ၂၂၀,၄၃၉,၃၆၅.၁၃ | ၃၉၃,၄၅၂,၀၄၃.၇၇ |
| အမြတ်ဝေစုထုတ်ပေးခြင်း | – | -၃၃၂,၀၅၃,၈၀၀.၀၀ |
| | ၁,၆၇၂,၁၆၄,၂၈၂.၀၁ | ၁,၄၅၁,၇၂၄,၉၁၆.၈၈ |
| Fair value reserve | ၂,၉၉၀,၀၀၇,၁၇၈.၀၀ | ၃,၇၈၇,၂၀၂,၈၇၈.၀၀ |
| | ၄,၆၆၂,၁၇၁,၄၆၀.၀၁ | ၅,၂၃၈,၉၂၇,၇၉၄.၈၈ |
| စာရင်းပိတ်လက်ကျန် | ၁၀,၂၃၅,၀၆၆,၄၆၀.၀၁ | ၁၀,၈၁၁,၈၂၂,၇၉၄.၈၈ |

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၂ ခုနှစ် မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
ငွေသားစီးဆင်းမှုရှင်းတမ်း
ငွေကြေး - မြန်မာကျပ်ငွေ

| | ၂၀၂၂ | ၂၀၂၁ |
|---|---|---|
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | |
| အခွန်မနှုတ်မီအသားတင်အမြတ်/(အရှုံး) | ၄၅,၇၂၀,၈၂၈.၄၉ | ၄,၄၆၂,၆၄၇.၇၉ |
| လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဆင်းမှုများကိုက်ညီရေးဆွဲချက်များ | | |
| တန်ဘိုးလျော့ | ၂,၇၄၃,၃၃၂.၀၀ | ၃၇၉,၅၆၆.၅၀ |
| ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း | ၄.၀၀ | – |
| နိုင်ငံခြားငွေတန်ဖိုးသင့်ခြင်း | (၂,၄၃၇,၀၆၃.၃၆) | ၁၀,၁၁၁,၁၁၅.၉၈ |
| လက်ငင်းရပိုင်ခွင့် (အတိုး)/အလျော့ | | |
| ကြိုတင်ပေးစာရင်း | ၆၇,၆၄၁,၉၁၃.၀၀ | (၆၀,၉၅၉,၅၃၃.၀၀) |
| ရရန်ရှိစာရင်း | ၁၇,၄၇၄,၆၃၁.၅၂ | ၈၅,၆၅၆,၀၃၄.၀၄ |
| ပေးရန်တာဝန်များအတိုး/(အလျော့) | | |
| ပေးရန်ရှိစာရင်း | (၈,၁၄၉,၄၅၄.၄၀) | ၄၂,၀၀၉,၀၅၀.၀၀ |
| ကြိုတင်ရတည်းကုန်း | (၁၀၈,၈၂၉,၄၆၉.၀၀) | ၈၅,၀၀၄,၈၈၀.၀၀ |
| အခွန်လျာထားငွေ | ၂၃,၇၄၉,၉၉၀.၉၄ | ၁,၄၈၇,၅၄၉.၂၇ |
| ကြိုတင်ခွန်ပေးသွင်းခြင်း | – | – |
| လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသား စီးဝင်မှု/(အသုံးပြုမှု) | ၃၇,၉၁၅,၇၁၃.၁၉ | ၁၆၈,၁၅၁,၃၁၀.၅၈ |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားစီးဆင်းမှုများ | | |
| အမြတ်ဝေစုရငွေ | ၁၇၇,၁၅၄,၆၀၀.၀၀ | ၃၇၈,၈၇၈,၂၈၀.၀၀ |
| ရင်းနှီးမြှုပ်နှံမှု | – | (၆၅,၅၂၈,၀၀၀.၀၀) |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသား စီးဝင်မှု/(အသုံးပြုမှု) | ၁၇၇,၁၅၄,၆၀၀.၀၀ | ၃၁၃,၃၅၀,၂၈၀.၀၀ |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရငွေသားစီးဝင်မှုများ | | |
| အမြတ်ဝေစုထုတ်ပေးငွေ | – | (၃၃၂,၀၅၃,၈၀၀.၀၀) |
| ပုံသေပိုင်ပစ္စည်းရောင်းရငွေ/(ဝယ်ယူခြင်း) | (၂၁၀,၀၀၀,၀၀၀.၀၀) | – |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအအရအသားတင်ငွေသား စီးဝင်မှု/(အသုံးပြုမှု) | (၂၁၀,၀၀၀,၀၀၀.၀၀) | (၃၃၂,၀၅၃,၈၀၀.၀၀) |
| ငွေသားအသားတင်တိုး/(လျော့) | ၅,၀၇၀,၃၁၃.၁၉ | ၁၄၉,၄၄၇,၇၉၀.၅၈ |
| နှစ်စရှိငွေနှင့်ဘဏ်လက်ကျန် | ၂၂၃,၂၀၁,၃၁၄.၀၁ | ၇၃,၇၅၃,၅၂၃.၄၃ |
| နှစ်ဆုံးရှိငွေနှင့်ဘဏ်လက်ကျန် (မှတ်စု ၈) | ၂၂၈,၂၇၁,၆၂၇.၂၀ | ၂၂၃,၂၀၁,၃၁၄.၀၁ |

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ

၁။ အထွေထွေ

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုမဏ္ဍိုင်ပြု၍ကုမ္ပဏီ၏အကျိုး၊ အစုရှယ်ယာဝင်များ၏အကျိုး ကိုရှေးရှု၍ တိုင်းရင်းသားပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များဖြင့် စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလုပ်ကိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပေးရန်တာဝန်ကို ကန့်သတ်ထားသည့်အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ပါသည်။ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် သည်အစုရှယ်ယာ များဖြင့်ပေးရန်တာဝန်များကို ကန့်သတ်ထားသောအများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာကုမ္ပဏီများဥပဒေအရ ၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကုမ္ပဏီသည် မှတ်ပုံတင်အမှတ် ၁၁၅၀၇၅၆၆၇ ဖြင့် ပြန်လည်မှတ်ပုံတင်ပြီးဖြစ်ပါသည်။ ကုမ္ပဏီသည် ခွင့်ပြုသော ကုန်ပစ္စည်းများနှင့်ထုတ်ကုန်များကို မိမိတစ်ဦးတည်းဖြစ်စေ၊ မည်သည့်ပြည်တွင်း၊ ပြည်ပပုဂ္ဂိုလ်များနှင့်ဖက်စပ်၍ဖြစ်စေ သွင်းကုန် လုပ်ငန်းရှင်များ၊ ထုတ်ကုန်လုပ်ငန်းရှင်များ၊ လက်လီလက်ကားရောင်းသူများ၏ ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရန် တည်ထောင်ခဲ့ပါသည်။

မှတ်ပုံတင်ထားသော ကုမ္ပဏီ၏လိပ်စာသည် အမှတ် (၂၆၈) ၊ ပြည်လမ်း၊ ဒဂုံစင်တာ (၂) ၊ ၈ လွှာ၊ အခန်းအမှတ် (၈/E) ၊ မရမ်းကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာရင်းစစ်ဆေးသည့်စာရင်းကာလမှာ ၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ အထိဖြစ်ပါသည်။

---

၂။ အရေးပါသောစာရင်းပိုင်းဆိုင်ရာမူဝါဒအကျဉ်းချုပ်

<u>စာရင်းရေးဆွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ</u>

ပူးတွဲပါဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (Myanmar Financial Reporting Standards) နှင့်အညီ ဖော်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့်ဖြစ်ရပ်များအပေါ်အခြေခံသည့်လုပ်ထုံးလုပ်နည်း (Historical Cost Convention) အရ ရေးဆွဲဖော်ပြထားပါသည်။

<u>နိုင်ငံခြားငွေကြေးအားပြောင်းလဲသတ်မှတ်ခြင်း</u>

<u>လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးနှင့်စာရင်းတင်ဖော်ပြသည့်ငွေကြေး</u>

(Functional and presentation currency)

ကုမ္ပဏီမှလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျ
သော စီးပွားရေးပတ်ဝန်းကျင်၏ငွေကြေးဖြစ်သော မြန်မာကျပ်ငွေကို လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေး (Functional currency) ဟု သတ်မှတ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကိုလည်း လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးဖြစ်သောမြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ

နိုင်ငံခြားငွေဖြင့်ပြုလုပ်သော လုပ်ငန်းလုပ်ဆောင်ချက်များကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့်နေ့တွင်ရှိသောငွေလဲနှုန်းဖြင့်လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့်ဖော်ပြသောငွေကြေးနှင့်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေး နှစ်ကုန်ဆုံးချိန်ရှိငွေလဲနှုန်းဖြင့်ပြောင်းလဲချက်နှင့်၊ ၎င်းနိုင်ငံခြားငွေကြေးများကို စာရင်းရှင်းလင်းရာမှ ဖြစ်ပေါ်လာသောနိုင်ငံခြားငွေအရှုံး၊ အမြတ်များကိုဝင်ငွေရှင်းတမ်းတွင် စာရင်းရေးသွင်း ထားပါသည်။

ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်း

ကုမ္ပဏီ၏ဘဏ္ဍာရေးနှစ်ကို စက်တင်ဘာလ (ယခင်ဘဏ္ဍာရေးနှစ်ကုန်) မှ မတ်လ (လက်ရှိဘဏ္ဍာရေးနှစ်ကုန်)သို့ ပြောင်းလဲခဲ့ပါသည်။ ထို့ကြောင့် ယခုဘဏ္ဍာရေးရှင်းတမ်းသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ စာရင်းကာလ ခြောက်လအတွက် စာရင်းများ ဖြစ်ပါသည်။ နှိုင်းယှဉ်ထားသောဘဏ္ဍာရေးရှင်းတမ်းသည် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ တစ်နှစ်စာဖြစ်ပါသည်။ ထို့ကြောင့် အစီရင်ခံစာတွင် ဖော်ပြထားသော ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ ရန်ပုံငွေပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှု ရှင်းတမ်းနှင့် အခြားရှင်းလင်းဖော်ပြထားသောမှတ်စုများအား နှိုင်းယှဉ်၍မရပါ။

ဘဏ္ဍာနှစ် အပြောင်းအလဲသည် အစိုးရမှ ပြဋ္ဌာန်းထားသော ဘဏ္ဍာရေးနှစ် အပြောင်းအလဲကြောင့် ဖြစ်သည်။

ကုန်လက်ကျန်

ကုန်လက်ကျန်များကို ကုန်ကျတန်ဘိုး (သို့မဟုတ်) ရောင်းရနိုင်မည့်အသားတင်တန်ဘိုး ၂ခု အနက် နည်းရာဖြင့် တန်ဘိုးသင့်ပါသည်။

ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့ကို နုတ်၍ဖော်ပြထားသည်။ တန်ဖိုးလျော့ကို ပုံသေပိုင်ဆိုင်ပစ္စည်းများ၏ ခန့်မှန်းအသုံးဝင်မှုသက်တမ်းအပေါ်တွင်မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ပါသည်။

တန်ဖိုးလျော့နှုန်းများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| ပရိဘောဂ | ၁၀% |
| ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ | ၁၀% |
| စက်နှင့်စက်ပစ္စည်းများ | ၁၅% |
| တယ်လီဖုန်းနှင့်ဖက်(စ်) | ၁၅% |
| ရုံးခန်း | ၂.၅% |

ပုံသေပိုင်ပစ္စည်းများကို တန်ဖိုးလျော့ကျဆင်းမှုရှိ-မရှိ အခါအားလျော်စွာ လေ့လာဆန်းစစ်ပါသည်။ ဆက်လက် သယ်ဆောင်သောတန်ဖိုးသည် အမှန်တကယ်ပြန်လည်ရရှိနိုင်မည့် တန်ဖိုးထက်များ နေပါက အမှန်တကယ် ပြန်လည်ရရှိနိုင်မည့်တန်ဖိုးထိရောက်အောင်တန်ဖိုးကို ချက်ချင်းလျော့ချပါသည်။ ပုံသေပိုင်ပစ္စည်း ရောင်းချရာမှပေါ်ပေါက်လာသော အရှုံးအမြတ်ကို ၎င်းတို့၏ဆက်လက်သယ်ဆောင်သည့်တန်ဖိုးအား ရည်ညွှန်း၍သတ်မှတ်ထားပြီး လုပ်ငန်းလုပ်ဆောင်မှု အမြတ်သတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားပါသည်။ ပြုပြင်ခြင်းနှင့် အသစ်လဲလှယ်ခြင်းများကို အသုံးစရိတ်ကျခံသည့် အချိန်တွင် ဝင်ငွေစာရင်းတွင် ရေးသွင်းထားပါသည်။

ရင်းနှီးမြှုပ်နှံမှု

ဘဏ္ဍာရေးရရန်ပိုင်ခွင့်များကို ကနဦးစာရင်းရေးသွင်းသောအခါ အဖွဲ့အစည်းသည် ၎င်း၏မူရင်းတန်ဖိုး **(cost)** ဖြင့် ဖော်ပြထားပါသည်။ ရင်းနှီးမြှုပ်နှံမှုများကို သင့်တင့်သောတန်ဘိုး **(fair value)** အား ခိုင်မာစွာခန့်မှန်းရန် ဈေးကွက်တွင်အတိအကျသိနိုင်ပါက သင့်တင့်သောတန်ဘိုး **(fair value)** ဖြင့်တန်ဘိုးသင့်ထားပြီး သင့်တင့်သောတန်ဘိုး **(fair value)** အား ခိုင်မာစွာခန့်မှန်းရန် နည်းလမ်းအား ဈေးကွက်တွင် အတိအကျမရနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ရင်းနှီးမြှုပ်နှံမှုတန်ဘိုးကို တန်ဘိုးရင်းမှ ဆုံးရှုံးမှုကို နုတ်ယူခြင်းစနစ်ဖြင့်စာရင်းတင်ပါသည်။

ငွေလက်ကျန်

ငွေလက်ကျန်တွင် လက်ဝယ်ရှိငွေသားလက်ကျန်နှင့် ဘဏ်များရှိငွေသားလက်ကျန်များ ပါဝင်ပါသည်။

**ဝင်ငွေအဖြစ်စာရင်းဖော်ဆောင်ခြင်း**

ဝင်ငွေအဖြစ်စာရင်းရေးသွင်းရာ၌ လုပ်ငန်းဆောင်ရွက်မှု၏ အကျိုးအမြတ်များသည် အဖွဲ့အစည်းသို့ စီးဝင်လာဖွယ်ရှိခြင်းနှင့် ဝင်ငွေ၏ပမာဏကို ခိုင်ခိုင်မာမာတွက်ချက်နိုင်မှသာလျှင် ဝင်ငွေအဖြစ် စာရင်းရေးသွင်းပါသည်။

ဆောက်လုပ်ရေးကန်ထရိုက်တစ်ခု၏ရလဒ် (**outcome**) ကို ခိုင်ခိုင်မာမာခန့်မှန်းနိုင်သောအခါ လက်ကျန်ရှင်းတမ်းနေ့ရက်တွင် လုပ်ငန်းပြီးစီးသည့် (**state of completion**) ဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၏ ဝင်ငွေ(**revenue**) နှင့် ကုန်ကျငွေ(**cost**)တို့ကို အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

ပတ်သက်ဆက်နွှယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်

ပတ်သက်ဆက်နွှယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုသည်မှာ-

(က) တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ဖြစ်စေ တစ်ဦး(သို့မဟုတ်) တစ်ဦးထက်ပိုသောအဖွဲ့မှ
   (၁)ထိန်းချုပ်မှုများ တစ်ဦးတစ်ယောက်မှထိန်းချုပ်ခြင်း(သို့မဟုတ်)အဖွဲ့အစည်းမှပူးတွဲထိန်းချုပ်ခြင်း၊(ဤတွင်မိခင်ကုမ္ပဏီများ၊လက်အောက်ခံများနှင့် အဆင့်တူလက်အောက် ခံများ)
   (၂) ဩဇာလွှမ်းမိုးသောအဖွဲ့အစည်းပေါ်တွင်အကျိုးခံစားခွင့်ရှိခြင်း၊
   (၃) အဖွဲ့အစည်းပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) အဖွဲ့အစည်းသည် လုပ်ငန်း၏ပူးတွဲအဖွဲ့အစည်းဖြစ်ခြင်း၊

(ဂ) အဖွဲ့အစည်းသည် ဖက်စပ်လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်း၏ ဖက်စပ်ဝင်တစ်ဦးဖြစ်ခြင်း၊

(ဃ) အဖွဲ့အစည်းသည်လုပ်ငန်း(သို့မဟုတ်)မိခင်ကုမ္ပဏီ၏စီမံခန့်ခွဲမှုတွင်အဓိကတာဝန်ရှိသူဖြစ်ခြင်း၊

(င) အဖွဲ့အစည်းသည် (က) သို့မဟုတ် (ဃ) တွင် ရည်ညွှန်းထားသောမိသားစု (သို့မဟုတ်) တစ်ဦးဦးနှင့်ရင်းနှီးသော မိသားစုဝင်ဖြစ်ခြင်း၊

(စ) အဖွဲ့အစည်းသည် တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ဖြစ်စေ (ဃ) သို့မဟုတ် (င) တွင် ရည်ညွှန်းထားသောတစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှု (သို့မဟုတ်) ဩဇာလွှမ်းမိုးခံရသော (သို့မဟုတ်) ထိုအဖွဲ့အစည်းတွင် အထင်ကရမဲပေးပိုင်ခွင့်ရှိသူ၏ ဩဇာလွှမ်းမိုးခံရခြင်း၊

(ဆ) အဖွဲ့အစည်းသည် ဝန်ထမ်းအကျိုးအလို့ငှာ တာဝန်ထမ်းဆောင်ကာလနောက်ပိုင်း ဝန်ထမ်းများ၏အကျိုးစီးပွားအတွက် စီမံကိန်းဆောင်ရွက်သူဖြစ်ခြင်း (သို့မဟုတ်) လုပ်ငန်းချင်းဆက်စပ်မှုရှိသော မည်သည့်အဖွဲ့အစည်းမဆိုဖြစ်ပါသည်။

## ၃။ Financial Risk Management

ကုမ္ပဏီ၏ Financial risk များကို စီမံခန့်ခွဲနေစဉ်အတွင်း လုပ်ငန်းဖွံ့ဖြိုးရေးအတွက် လုံလောက် သော ငွေကြေးဆိုင်ရာ အရင်းအမြစ်များရရှိနိုင်မှုကို သေချာစေရန် ကုမ္ပဏီ၏ Financial Risk Policy စီမံခန့်ခွဲသည့်မူဝါဒအရ ကြိုးပမ်းသည်။ ကုမ္ပဏီမှ ရင်ဆိုင်နေရသော အဓိကဘဏ္ဍာရေး risk နယ်ပယ်များနှင့် ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်နှင့် သက်ဆိုင်သော မူဝါဒမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

Foreign exchange risk

ကုမ္ပဏီသည် နိုင်ငံခြားငွေဖြင့်သတ်မှတ်ဖော်ပြထားသည့် ကြီးမားသည့်လုပ်ငန်းဆောင်ရွက်မှု၊ ပိုင်ဆိုင်ပစ္စည်းများ(သို့)ပေးရန်တာဝန်များမရှိပါ။ ထို့ကြောင့် ကုမ္ပဏီသည် နိုင်ငံခြားငွေလဲလှယ်မှု risk နှင့်ကြုံတွေ့ရခြင်းမရှိပါ။

Interest rate risk

ငွေစုဘဏ်အပ်ငွေနှင့် ချေးငွေများအတွက် အတိုးဝင်ငွေနှင့် ကုန်ကျစရိတ်များကိုထိရောက်သည့် အတိုးတွက်နည်းအား အသုံးပြု၍အတိုးကျသင့်တန်ဖိုးဖြင့်တိုင်းတာပြီး ဝင်ငွေရှင်းတမ်းတွင် ဖော်ပြပါမည်။

Credit risk

စာရင်းရေးသွင်း ထားသော ငွေကြေးနှင့်သက်ဆိုင်သည့် ရပိုင်ခွင့်များနှင့် ဆက်နွယ်လျက်ရှိသော အများဆုံး Credit risk မှာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားသည့်ဆက်လက်သယ်ဆောင်သောတန်ဖိုး ဖြစ်ပါသည်။

Liquidity and cash flow risk

ငွေသားစီးဆင်းမှု အတက်အကျ၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေရန်နှင့် လုပ်ငန်းအတွက် လိုအပ်သည့် ငွေကြေးထောက်ပံ့နိုင်ရန် ကုမ္ပဏီ၏စီမံခန့်ခွဲသူများမှ လုံလောက်မှုရှိသည်ဟု ယူဆသော လက်ကျန်ငွေများကို ကုမ္ပဏီ မှ စောင့်ကြည့်စစ်ဆေးပါသည်။

၄။ ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်း အသေးစိတ်စာရင်းမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| အကြောင်းအရာ | ပရိဘောဂ | ကွန်ပျူတာနှင့် အသုံးအဆောင်ပစ္စည်း | စက်နှင့် စက်ပစ္စည်းများ | တယ်လီဖုန်းနှင့် ဖက်(စ်) | ရုံးခန်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| မူရင်းတန်ဖိုး | | | | | | |
| ၃၀/၀၉/၂၀ | ၇,၁၆၈,၈၅၀.၀၀ | ၅,၅၆၈,၂၀၀.၀၀ | ၃,၂၉၃,၂၅၀.၀၀ | ၁၁,၇၅၁,၇၆၀.၀၀ | - | ၂၇,၇၈၂,၀၆၀.၀၀ |
| နှစ်အတွင်းဝယ် | - | - | - | - | - | - |
| ၃၀/၀၉/၂၀ | ၇,၁၆၈,၈၅၀.၀၀ | ၅,၅၆၈,၂၀၀.၀၀ | ၃,၂၉၃,၂၅၀.၀၀ | ၁၁,၇၅၁,၇၆၀.၀၀ | - | ၂၇,၇၈၂,၀၆၀.၀၀ |
| နှစ်အတွင်းဝယ် | - | - | - | - | ၂၀၀,၀၀၀,၀၀၀.၀၀ | - |
| Write off | (၆၉၀,၀၀၀.၀၀) | (၂,၉၆၉,၂၀၀.၀၀) | (၂၂၇,၀၀၀.၀၀) | (၁၁,၂၁၅,၀၀၀.၀၀) | - | (၁၅,၁၀၁,၂၀၀.၀၀) |
| ၃၁/၀၃/၂၂ | ၆,၄၇၈,၈၅၀.၀၀ | ၂,၅၉၉,၀၀၀.၀၀ | ၃,၀၆၆,၂၅၀.၀၀ | ၅၃၆,၇၆၀.၀၀ | ၂၀၀,၀၀၀,၀၀၀.၀၀ | ၁၂,၆၈၀,၈၆၀.၀၀ |
| စုစုပေါင်းတန်ဖိုးလျော့ | | | | | | |
| ၃၀/၀၉/၂၀ | ၇,၀၂၅,၉၁၇.၅၀ | ၅,၃၃၆,၃၇၁.၀၀ | ၂,၇၀၄,၂၄၉.၀၀ | ၁၁,၆၁၀,၈၅၉.၅၀ | - | ၂၆,၆၇၇,၃၉၇.၀၀ |
| နှစ်အတွင်းတန်ဖိုးလျော့ | ၁၄၂,၉၀၂.၅၀ | ၄၂,၁၅၀.၀၀ | ၁၁၄,၀၀၀.၀၀ | ၈၀,၅၁၄.၀၀ | - | ၃၇၉,၅၆၆.၅၀ |
| ၃၀/၀၉/၂၀ | ၇,၁၆၈,၈၂၀.၀၀ | ၅,၃၇၈,၅၂၁.၀၀ | ၂,၈၁၈,၂၄၉.၀၀ | ၁၁,၆၉၁,၃၇၃.၅၀ | - | ၂၇,၀၅၆,၉၆၃.၅၀ |
| နှစ်အတွင်းတန်ဖိုးလျော့ | - | ၂၀,၀၇၅.၀၀ | ၅၇,၀၀၀.၀၀ | ၄၀,၂၅၇.၀၀ | ၂,၆၂၅,၀၀၀.၀၀ | ၂,၇၄၃,၃၃၂.၀၀ |
| Write off | (၆၈၉,၉၉၉.၀၀) | (၂,၉၆၉,၁၉၉.၀၀) | (၂၂၆,၉၉၉.၀၀) | (၁၁,၂၁၄,၉၉၉.၀၀) | - | (၁၅,၁၀၁,၁၉၆.၀၀) |
| ၃၁/၀၃/၂၂ | ၆,၄၇၈,၈၂၀.၀၀ | ၂,၄၃၀,၃၉၇.၀၀ | ၂,၆၄၈,၂၅၀.၀၀ | ၅၁၆,၆၃၁.၅၀ | ၂,၆၂၅,၀၀၀.၀၀ | ၁၄,၆၉၉,၀၉၉.၅၀ |
| အသားတင်တန်ဖိုး | | | | | | |
| ၃၁/၀၃/၂၂ | ၂၉.၀၀ | ၁၆၈,၆၀၃.၀၀ | ၄၁၈,၀၀၀.၀၀ | ၂၀,၁၂၈.၅၀ | ၂၀၇,၃၇၅,၀၀၀.၀၀ | ၂၀၇,၉၈၁,၇၆၀.၅၀ |
| ၃၀/၀၉/၂၀ | ၃၀.၀၀ | ၁၈၉,၆၇၉.၀၀ | ၄၇၅,၀၀၁.၀၀ | ၆၀,၃၈၆.၅၀ | - | ၇၂၅,၀၉၆.၅၀ |

## ၅။ ရင်းနှီးမြှုပ်နှံမှု

ရင်းနှီးမြှုပ်နှံမှုစာရင်းအသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | ၂၀၂၂ | ၂၀၂၁ |
|---|---|---|
| မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း ပတ်ဘလစ်ကုမ္ပဏီလီမိတက် (၁,၇၇၁,၅၄၆ စု) | ၄,၈၇၁,၇၅၁,၅၀၀.၀၀ | ၅,၆၆၈,၉၄၇,၂၀၀.၀၀ |
| မြန်မာအက်ဂရိအိတ်(စ်)ချိန်းပတ်ဘလစ် ကုမ္ပဏီလီမိတက် (၂,၀၀၀,၀၀၀စု) | ၂,၂၀၀,၀၀၀,၀၀၀.၀၀ | ၂,၂၀၀,၀၀၀,၀၀၀.၀၀ |
| မြန်မာနေရှင်နယ်တယ်လီကွန်းဟိုး(လ်)ဒင်းစ် ပတ်ဘလစ်ကုမ္ပဏီလီမိတက် (၂,၀၇၆,၀၅၁ စု) | ၂,၀၇၆,၀၅၁,၀၀၀.၀၀ | ၂,၀၇၆,၀၅၁,၀၀၀.၀၀ |
| | ၉,၁၄၇,၈၀၂,၅၀၀.၀၀ | ၉,၉၄၄,၉၉၈,၂၀၀.၀၀ |

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပက်ဘလစ်ကုမ္ပဏီလီမိတက်တွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်းတွင် ၃၁-၃-၂၀၂၂ နေ့တွင် အရောင်းအဝယ်ဖြစ်သော ဈေးနှုန်း (Fair value) ဖြင့်တန်ဘိုးသင့်ထားပါသည်။

မြန်မာအက်ဂရိအိတ်(စ်)ချိန်းပတ်ဘလစ်ကုမ္ပဏီလီမိတက် တွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာများကို ၃၁-၃-၂၀၂၂ နေ့တွင် ရောင်းဝယ်၍ ရသောဈေးနှုန်းဖြင့် တန်ဘိုးသင့်ထားပါသည်။

မြန်မာနေရှင်နယ်တယ်လီကွန်ဟိုးဒင်းပက်ဘလစ်ကုမ္ပဏီလီမိတက်နှင့်မြန်မာအဂရိအလိုင်းရန့် တာမင်နယ်ကုမ္ပဏီလီမိတက်တွင် ရင်းနှီးမြှုပ်နှံထားသော ရင်းနှီးမြှုပ်နှံမှုတန်ဘိုးများကို တန်ဘိုးရင်းမှ ဆုံးရှုံးမှုနုတ်ယူခြင်းစနစ် (at cost less impairment) ဖြင့်စာရင်းသင့်ထားပါသည်။

## ၆။ ကြိုတင်ပေး

ကြိုတင်ပေး စာရင်းအသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | ၂၀၂၂ | ၂၀၂၁ |
|---|---|---|
| *ဆန်စပါးလုပ်ငန်းအတွက် ကြိုတင်ထုတ်ငွေ | ၄၃၉,၈၀၀,၀၀၀.၀၀ | ၄၃၉,၈၀၀,၀၀၀.၀၀ |
| ဆောက်လုပ်ရေးလုပ်ငန်းအတွက်ကြိုတင်ထုတ်ငွေ | ၇၆,၂၃၄,၄၀၀.၀၀ | ၁၅၄,၃၀၀,၀၀၀.၀၀ |
| ကြိုတင်ပေးဝင်ငွေခွန် | ၅၉,၇၄၁,၅၇၄.၀၉ | ၄၉,၇၄၁,၅၇၄.၀၉ |
| ကြိုတင်ပေးကုန်သွယ်ခွန် | ၈,၁၅၂,၃၆၄.၀၀ | ၁၂,၅၉၇,၆၇၇.၀၀ |
| ကြိုတင်ပေးတာဝါတိုင်အသုံးစရိတ် | ၈၉,၀၁၅,၅၄၂.၀၀ | ၈၄,၀၁၅,၅၄၂.၀၀ |
| ကြိုတင်ပေးMRF အသင်းနှစ်စဉ်ကြေး | ၅၀,၀၀၀.၀၀ | ၁၀၅,၀၀၀.၀၀ |
| ကြိုတင်ပေးထုတ်ကုန်သွင်းကုန်လိုင်စင်ကြေး | ၈၀,၀၀၀.၀၀ | ၁၂၀,၀၀၀.၀၀ |
| ကြိုတင်ပေး UMFCCI နှစ်စဉ်ကြေး | – | ၃၆,၀၀၀.၀၀ |
| *သကြားတင်သွင်းရန်ကြိုတင်ငွေ | ၂၀,၀၀၀,၀၀၀.၀၀ | ၂၀,၀၀၀,၀၀၀.၀၀ |
| | ၆၉၃,၀၇၃,၈၈၀.၀၉ | ၇၆၀,၇၁၅,၇၉၃.၀၉ |

*ဆန်စပါးအတွက် ကာလတိုလုပ်ငန်းဆောင်ရွက်ရန် ဦးစိန်ဝင်းလှိုင်မှ တာဝန်ခံထုတ်ယူဆောင်ရွက်လျက် ရှိသောလုပ်ငန်းလုပ်ကိုင်ငွေ ကျပ်သိန်း (၂,၀၀၀)နှင် သကြားတင်သွင်းရန် ကြိုတင် ထုတ်ထားငွေကျပ်သိန်း (၂၀၀)အနက်မှ ၃၀-၃-၂၀၁၈ နေ့တွင် ကျပ် သိန်း (၆၀) နှင့် ၁၈-၇-၂၀၁၈ နေ့တွင် ကျပ် (၄၂)သိန်း ပြန်လည်ပေးသွင်းခဲ့ပါသည်။ ကျန်ငွေများအတွက်လည်း GLAD ကုမ္ပဏီ၏ ဒါရိုက်တာ များ အနေနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးအမှုဖြင့် တရားစွဲဆိုထား ပါသည်။

## ၇။ ရရန်ရှိစာရင်း

ရရန်ရှိစာရင်း အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | ၂၀၂၂ | ၂၀၂၁ |
|---|---|---|
| **အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှရရန်ရှိ** | | |
| MYANMAR ACME Co., Ltd | ၃၉၈,၄၇၅,၀၀၀.၀၀ | ၃၉၈,၄၇၅,၀၀၀.၀၀ |
| ဒါရိုက်တာများမှ ယာယီစိုက်ထုတ်ပေးငွေ | (၅၇,၀၀၀,၀၀၀.၀၀) | (၅၇,၀၀၀,၀၀၀.၀၀) |
| ဆန်စပါးလုပ်ငန်းဆောင်ရွက်မှုရရန်ရှိ | ၁၂,၀၀၀,၀၀၀.၀၀ | ၂၅,၀၀၀,၀၀၀.၀၀ |
| မြန်မာနေရှင်နယ်တယ်လီကွန်းဟိုး(လ်)ဒင်းစ် ပတ်ဘလစ်လီမိတက် (တာဝါတိုင်လုပ်ငန်း) | ၄၇၇,၆၀၄,၉၈၆.၄၆ | ၄၈၆,၇၃၅,၈၃၁.၄၆ |
| ရရန်ရှိဘဏ်တိုးငွေ | ၁၁၁,၀၀၈.၄၁ | ၁,၅၀၉,၈၄၆.၉၀ |
| မြန်မာနေရှင်နယ်တယ်လီကွန်းဟိုး(လ်)ဒင်းစ် ပတ်ဘလစ်လီမိတက်သို့ခေတ္တပေးငွေ | ၃,၅၄၃,၇၈၅.၀၀ | ၃,၅၄၃,၇၈၅.၀၀ |
| မြန်မာနေရှင်နယ်တယ်လီကွန်းဟိုး(လ်)ဒင်းစ် ပတ်ဘလစ်လီမိတက်မှ ရရန်ရှိအတိုး | ၃၀၅,၉၃၀.၃၇ | ၃၀၄,၈၁၄.၀၀ |
| တည်းကုန်းအဆောက်အဦအတွက် ဒဂုံအင်တာနေရှင်နယ်လီမိတက်မှရရန်ရှိငွေ | ၆,၀၅၃,၉၃၅.၆၀ | – |
| | ၈၄၁,၀၉၄,၆၄၅.၈၄ | ၈၅၈,၅၆၉,၂၇၇.၃၆ |

## ၈။ ငွေနှင့်ဘဏ်လက်ကျန်

ငွေနှင့်ဘဏ်လက်ကျန်စာရင်း အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | ၂၀၂၂ | ၂၀၂၁ |
|---|---:|---:|
| ငွေလက်ကျန် | ၁၂,၈၁၂,၄၁၉.၀၀ | ၁၂,၇၂၄,၁၉၉.၁၀ |
| ဘဏ်လက်ကျန် | ၂၁၅,၄၅၉,၂၀၈.၂၀ | ၂၁၀,၄၇၇,၁၁၄.၉၁ |
| | ၂၂၈,၂၇၁,၆၂၇.၂၀ | ၂၂၃,၂၀၁,၃၁၄.၀၁ |

## ၉။ Fair value reserve

Fair value reserve အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | ၂၀၂၂ | ၂၀၂၁ |
|---|---:|---:|
| **မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ်လီမိတက်** | | |
| စာရင်းဖွင့် | ၃,၅၈၇,၂၀၂,၈၇၈.၀၀ | ၄,၄၇၂,၉၇၅,၈၇၈.၀၀ |
| နှစ်အတွင်းတန်ဘိုးတိုးခြင်း /(တန်ဘိုးကျခြင်း) | (၇၉၇,၁၉၅,၇၀၀.၀၀) | (၈၈၅,၇၇၃,၀၀၀.၀၀) |
| နှစ်ဆုံးရှိတန်ဘိုး | ၂,၇၉၀,၀၀၇,၁၇၈.၀၀ | ၃,၅၈၇,၂၀၂,၈၇၈.၀၀ |
| **မြန်မာအက်ဂရိအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက်** | | |
| စာရင်းဖွင့် (၂,၀၀၀,၀၀၀စု@ကျပ်၁၀၀) | ၂၀၀,၀၀၀,၀၀၀.၀၀ | ၂၀၀,၀၀၀,၀၀၀.၀၀ |
| နှစ်အတွင်းတန်ဘိုးတိုးခြင်း /တန်ဘိုးကျခြင်း | – | – |
| နှစ်ဆုံးရှိတန်ဘိုး (၂,၀၀၀,၀၀၀စု@ကျပ်၁၀၀) | ၂၀၀,၀၀၀,၀၀၀.၀၀ | ၂၀၀,၀၀၀,၀၀၀.၀၀ |
| နှစ်ဆုံးရှိလက်ကျန် | ၂,၉၉၀,၀၀၇,၁၇၈.၀၀ | ၃,၇၈၇,၂၀၂,၈၇၈.၀၀ |

## ၁၀။ ပေးရန်ရှိစာရင်း

ပေးရန်ရှိစာရင်း အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | ၂၀၂၂ | ၂၀၂၁ |
|---|---:|---:|
| လာရောက်ထုတ်ယူခြင်းမရှိသေးသောအမြတ်ဝေစု | ၁၀၃,၃၁၀,၆၅၈.၀၀ | ၁၁၁,၈၂၁,၂၅၈.၀၀ |
| WFPသို့ တင်ဒါဖြင့် ဆန်ပို့ခြင်းအတွက်အခွန်ပေးဆောင်ရန်ကြိုတင်ယူထားငွေ | ၄၇၉,၁၇၅.၆၀ | ၄၇၉,၁၇၅.၆၀ |
| ပေးရန်ရှိစရိတ်များ | ၈,၀၇၈,၇၅၄.၆၄ | ၅,၄၄၂,၆၀၉.၀၄ |
| ပေးရန်ရှိရုံးခန်းငှားခ | – | ၇,၈၇၅,၀၀၀.၀၀ |
| ထပ်မံကုန်ကျမည့်တာဝါတိုင်စရိတ် | ၂၂,၈၀၉,၀၀၀.၀၀ | ၂၂,၈၀၉,၀၀၀.၀၀ |
| ဒါရိုက်တာများထံမှ ခေတ္တယူငွေ | ၅,၃၁၀,၀၀၀.၀၀ | ၅,၃၁၀,၀၀၀.၀၀ |
| အဆောက်အဦဆောက်လုပ်ခြင်းအတွက် အုပ်ချုပ်မှုစရိတ် | ၆,၄၀၀,၀၀၀.၀၀ | |
| ဒဂုံအင်တာနေရှင်နယ်လီမိတ်(A 24Pump ဖိုး) | – | ၈၀၀,၀၀၀.၀၀ |
| | ၁၄၆,၃၈၇,၅၈၈.၂၄ | ၁၅၄,၅၃၇,၀၄၂.၆၄ |

## ၁၁။ အခွန်လျာထားငွေ

အခွန်လျာထားငွေ အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | ၂၀၂၂ | ၂၀၂၁ |
|---|---|---|
| ကုန်သွယ်လုပ်ငန်းခွန် | | |
| ၂၀၁၂-၂၀၁၃ (ပြည်တွင်းအရောင်း) | ၅၄,၀၆၈,၂၈၇.၀၀ | ၅၄,၀၆၈,၂၈၇.၀၀ |
| ၂၀၁၃-၂၀၁၄ | ၂၈,၈၈၇,၂၃၀.၀၀ | ၂၈,၈၈၇,၂၃၀.၀၀ |
| ၂၀၁၇-၂၀၁၈ | ၆,၇၇၅,၀၂၃.၆၅ | ၆,၇၇၅,၀၂၃.၆၅ |
| ၂၀၁၈-၂၀၁၉ | ၁၅,၉၉၁,၀၃၆.၂၅ | ၁၅,၉၉၁,၀၃၆.၂၅ |
| စက်တင်ဘာ ၂၀၁၉ | ၂,၂၀၁,၇၃၃.၇၉ | ၂,၂၀၁,၇၃၃.၇၉ |
| ၂၀၁၉-၂၀၂၀ | ၃,၆၄၃,၅၅၃.၀၀ | ၃,၆၄၃,၅၅၃.၀၀ |
| ၂၀၂၁-၂၀၂၂ | ၁၀,၈၅၄,၀၉၀.၆၀ | – |
| ဝင်ငွေခွန် | | |
| ၂၀၁၂-၂၀၁၃ | ၁၂,၄၈၀,၀၉၁.၂၈ | ၁၂,၄၈၀,၀၉၁.၂၈ |
| ၂၀၁၃-၂၀၁၄ | ၇၈,၅၀၉,၃၄၁.၁၂ | ၇၈,၅၀၉,၃၄၁.၁၂ |
| ၂၀၁၄-၂၀၁၅ | ၁၂၃,၄၂၂,၂၅၂.၃၀ | ၁၂၃,၄၂၂,၂၅၂.၃၀ |
| ၂၀၁၅-၂၀၁၆ | ၇၉,၇၉၁,၈၇၁.၅၇ | ၇၉,၇၉၁,၈၇၁.၅၇ |
| ၂၀၁၆-၂၀၁၇ | ၁၀,၀၀၉,၅၆၁.၀၅ | ၁၀,၀၀၉,၅၆၁.၀၅ |
| ၂၀၁၇-၂၀၁၈ | ၉,၈၇၅,၈၅၇.၇၃ | ၉,၈၇၅,၈၅၇.၇၃ |
| ၂၀၁၈-၂၀၁၉ | ၅,၈၆၆,၉၂၃.၂၆ | ၅,၈၆၆,၉၂၃.၂၆ |
| ၂၀၁၉-၂၀၂၀ | ၂,၄၅၅,၆၀၇.၆၄ | ၂,၄၅၅,၆၀၇.၆၄ |
| ၂၀၂၀-၂၀၂၁ | ၁,၄၈၇,၅၄၉.၂၇ | ၁,၄၈၇,၅၄၉.၂၇ |
| ၂၀၂၁-၂၀၂၂ | ၁၂,၈၉၅,၉၀၀.၃၄ | – |
| အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ်ထမ်းဆောင်ရမည့်အခွန် | ၂၀၂,၆၁၃,၆၀၃.၀၃ | ၂၀၂,၆၁၃,၆၀၃.၀၃ |
| ရှယ်ယာရောင်းခြင်းမှ မြတ်စွန်းငွေအပေါ် ထမ်းဆောင်ရမည့်အခွန် | ၇၄,၉၄၀,၈၅၂.၅၀ | ၇၄,၉၄၀,၈၅၂.၅၀ |
| | ၇၃၆,၇၇၀,၃၆၅.၃၈ | ၇၁၃,၀၂၀,၃၇၄.၄၄ |

## ၁၂။ တည်းကုန်းအဆောက်အဦဆောက်လုပ်ခြင်းမှရငွေ

တည်းကုန်းအဆောက်အဦ ဆောက်လုပ်ခြင်းမှ ရငွေ ၃၆၆,၆၉၉,၂၀၀/-ကျပ်မှာ ကုမ္ပဏီနှင့် ဒဂုန်အင်တာနေရှင်နယ်လီမိတက်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တည်းကုန်းသစ်သီးဝလံ ဟင်းသီးဟင်းရွက်၊ ပန်းမန် လက်ကားဈေး တည်ဆောက်ရေးစီမံကိန်းအတွက် သတ်မှတ်ထားသော နေရာ၌ (၄)ထပ် သံကူကရစ်အဆောက်အဦ (၃)လုံး (အဆောက်အဦအမှတ်- A 18,19,20) ဆောက်လုပ်ရန်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် နှစ်ဦးသဘောတူချုပ်ဆိုသော စာချုပ်အရ (၁)စတုရန်းပေလျှင် ဆောက်လုပ်ရန်ကုန်ကျစရိတ် (PAEနှုန်း) ကျပ် ၁၁၂၀၀/- (ကျပ် တစ်သောင်းတစ်ထောင် နှစ်ရာတိတ်)ဖြင့် သဘောတူထားသော အဆောက်အဦကုန်ကျစရိတ်ဖြစ်ပါသည်။ အဆိုပါ တန်ဖိုးတွင် လုပ်ငန်းအပ်နှံသူမှ ပံ့ပိုးထားသော အဓိက ပစ္စည်းများအား PAE BQပါ ဈေးနှုန်းအတိုင်း ပြန်လည်ခုနှိမ်ရန် သဘောတူကြပါသည်။

၁၃။ **အခြားရငွေများ**

အခြားရငွေများ အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | ၂၀၂၂ | ၂၀၂၁ |
|---|---|---|
| ရှယ်ယာလက်မှတ်ပြုလုပ်ခြင်းမှရငွေ | ၅၀,၀၀၀.၀၀ | ၅၅,၀၀၀.၀၀ |
| မြန်မာနေရှင်နယ်တယ်လီကွန်းဟိုး(လ်)ဒင်းစ် ပတ်ဘလစ်လီမိတက်သို့ခေတ္တပေးငွေအတွက် အတိုးရငွေ | ၂၀၃,၂၀၉.၃၇ | ၆၀၅,၂၀၉.၀၀ |
| တာဝါတိုင်လုပ်ငန်းမှ အခြားရငွေ | ၁,၁၁၉,၅၈၀.၀၀ | ၁,၂၄၃,၄၆၀.၀၀ |
| အဆောက်အဦဆောက်လုပ်ခြင်းမှ အခြားရငွေ | ၁၃,၆၁၃,၀၅၂.၀၀ | – |
| ဘဏ်တိုးရငွေ | ၄၉၄,၀၈၂.၀၆ | ၅,၈၉၈,၈၄၉.၅၆ |
| | ၁၅,၄၇၉,၉၂၃.၄၃ | ၇,၈၀၂,၅၁၈.၅၆ |

၁၄။ **စီမံခန့်ခွဲမှုစရိတ်**

စီမံခန့်ခွဲမှုစရိတ်အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | ၂၀၂၂ | ၂၀၂၁ |
|---|---|---|
| ဝန်ထမ်းလစာနှင့် ဆုကြေးငွေ | ၉,၂၅၀,၀၀၀.၀၀ | ၂၀,၇၃၀,၃၂၃.၀၀ |
| အသင်းဝင်ကြေး | ၁၃၁,၀၀၀.၀၀ | ၁၃၁,၀၀၀.၀၀ |
| မှတ်ပုံတင်ကြေးစရိတ် | ၁၁၀,၀၀၀.၀၀ | ၆၀,၀၀၀.၀၀ |
| နှစ်ပတ်လည်အထွေထွေအစည်းအဝေးကုန်ကျစရိတ် | ၂,၀၈၇,၉၀၀.၀၀ | ၃,၃၇၈,၁၀၀.၀၀ |
| ဘဏ်စရိတ် | ၁၇,၅၀၀.၀၀ | ၈၉,၄၀၀.၀၀ |
| မန်နေးဂျင်းဒါရိုက်တာချီးမြင့်ငွေ | ၂,၅၀၀,၀၀၀.၀၀ | – |
| ရုံးခန်းငှားရမ်းခ | – | ၇,၈၇၅,၀၀၀.၀၀ |
| ဧည့်ခံစရိတ် | ၉၉,၄၅၀.၀၀ | ၁၇၅,၃၇၅.၀၀ |
| လျှပ်စစ်မီတာခ | – | ၁၆,၆၃၁.၀၀ |
| ပြုပြင်ထိန်းသိမ်းစရိတ် | ၂၅,၀၀၀.၀၀ | ၄၃၁,၀၀၀.၀၀ |
| အခြားအထွေထွေစရိတ် | ၂၆၄,၇၃၂.၀၀ | ၂၇၅,၂၀၅.၀၀ |
| အလှူငွေနှင့်လက်ဆောင် | ၃၇၇,၈၀၀.၀၀ | ၁,၀၁၂,၃၀၀.၀၀ |
| အင်တာနက်စရိတ် | ၈၁,၂၅၈.၀၀ | – |
| သတင်းစာနှင့်ဂျာနယ် | – | ၂၂,၅၀၀.၀၀ |
| ရုံးသုံးပစ္စည်းကုန်ကျစရိတ် | ၁၀၇,၆၀၀.၀၀ | ၂၁,၅၀၀.၀၀ |
| ခရီးစရိတ် | ၈၇၈,၀၀၀.၀၀ | ၉၃၂,၅၀၀.၀၀ |
| စာရင်းစစ်ခ | ၃,၀၀၀,၀၀၀.၀၀ | ၅,၂၅၀,၀၀၀.၀၀ |
| စာတိုက်နှင့်ဆက်သွယ်ရေးစရိတ် | ၁၅၁,၈၉၀.၀၀ | ၄၃၅,၉၇၁.၀၀ |
| စာရေးကိရိယာများ | ၃၃၃,၅၅၀.၀၀ | ၂၁၃,၆၅၀.၀၀ |
| ဝန်ဆောင်ခစရိတ်များ | ၂၇၀,၉၀၀.၀၀ | ၆၂၂,၃၀၀.၀၀ |
| တန်ဖိုးလျော့စရိတ်များ | ၂,၇၄၃,၃၃၂.၀၀ | ၃၇၉,၅၆၆.၅၀ |
| ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း | ၄.၀၀ | – |
| | ၂၂,၄၂၉,၉၁၆.၀၀ | ၄၂,၀၅၂,၃၂၁.၅၀ |

## ၁၅။ အမြတ်ဝေစုရရှိခြင်း

အမြတ်ဝေစုရရှိခြင်းစာရင်း အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | ၂၀၂၂ | ၂၀၂၁ |
|---|---|---|
| မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း ပတ်ဘလစ်လီမိတက်မှအမြတ်ဝေစုရရှိခြင်း | ၁၇၇,၁၅၄,၆၀၀.၀၀ | ၃၁၈,၈၇၈,၂၈၀.၀၀ |
| မြန်မာအက်ဂရီအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက် မှအမြတ်ဝေစုရရှိခြင်း | – | ၆၀,၀၀၀,၀၀၀.၀၀ |
| | ၁၇၇,၁၅၄,၆၀၀.၀၀ | ၃၇၈,၈၇၈,၂၈၀.၀၀ |

## ၁၆။ ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများအကြားဆောင်ရွက်ချက်များ

ဘဏ္ဍာရေးရှင်းတမ်း၏ အခြားနေရာများတွင် ဖော်ပြထားသောအချက်အလက်များအပြင် အောက်ပါ လုပ်ငန်းလုပ်ဆောင်ချက်များသည် ကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်နေသောအဖွဲ့အစည်းများအကြားတွင် သဘောတူညီချက်များနှင့်အတူ ပေါ်ပေါက်ခဲ့ပါသည်။

### (က) ကုန်စည်နှင့် ဝန်ဆောင်မှုများဝယ်ယူခြင်းနှင့် ရောင်းချခြင်း

| ကုမ္ပဏီအမည် | ဆက်နွယ်နေသောပုဂ္ဂိုလ်များ /(ရာထူး) | ၂၀၂၂ | ၂၀၂၁ |
|---|---|---|---|
| ဒဂုံအင်တာနေရှင်နယ်လီမိတက်မှရရှိခဲ့သောဆောက်လုပ်ရေးဝင်ငွေ | ဦးဝင်းအောင် (ဥက္ကဋ္ဌ) | ၃၆၆,၆၉၉,၂၀၀ | – |
| ဒဂုံအင်တာနေရှင်နယ်လီမိတက်မှ ဝယ်ယူသော သံချောင်း၊သစ်၊ ready mixed concrete စရိတ် | ဦးဝင်းအောင် (ဥက္ကဋ္ဌ) | ၁၄၉,၆၁၇,၃၈၈ | – |
| ရုံးခန်းဝယ်ယူခြင်း | ဦးဝင်းအောင် (ဥက္ကဋ္ဌ) | ၂၁၀,၀၀၀,၀၀၀ | – |
| **အကျိုးတူရငွေ** | | | |
| Myanmar ACME Co., Ltd ရရန်ရှိ | ဦးစိန်ဝင်းလှိုင် (ဥက္ကဋ္ဌ) | ၃၉၈,၄၇၅,၀၀၀ | ၃၉၈,၄၇၅,၀၀၀ |
| **ရင်းနှီးမြှုပ်နှံမှု** | | | |
| မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ်လီမိတက် (၁,၇၇၁,၅၄၆ စု) | ဦးဝင်းအောင် (ဥက္ကဋ္ဌ) | ၄,၈၇၁,၇၅၁,၅၀၀ | ၅,၆၆၈,၉၄၇,၂၀၀ |
| မြန်မာအက်ဂရီအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက် (၂,၀၀၀,၀၀၀စု) | ဦးဝင်းအောင် (ဥက္ကဋ္ဌ) | ၂,၂၀၀,၀၀၀,၀၀၀ | ၂,၂၀၀,၀၀၀,၀၀၀ |

(ခ) **အမှီအခိုကင်းသောအုပ်ချုပ်သူများအတွက်အခကြေးငွေ**

ကုမ္ပဏီ၏ ဒါရိုက်တာများကို အမှီအခိုကင်းသောအုပ်ချုပ်သူများအဖြစ် ထည့်သွင်းစဉ်းစားပါသည်။ ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၀-၂၀၂၁ တို့အတွက် ဒါရိုက်တာအဖွဲ့မှ အခကြေးငွေရယူခဲ့ခြင်းမရှိပါ။

---

၁၇။ **ဘဏ္ဍာရေးရှင်းတမ်းအတည်ပြုခြင်း**

ရွှေနိုင်ငံအရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန်အတည်ပြုခဲ့ပါသည်။